ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြို့ ၁၆ တွင် စတင်တည်ထောင်သည်။

ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း

ဤလောကၹ် ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘော ပေတည်း။

ယမကဝဂ်(ဓမ္မပဒ–၅)

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက် စနေနေ့။ Saturday, 6 June 2026 ၁၂၀၁

နိုင်ငံတော် ရှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့

ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်။

နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုသည် မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်းရပ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် တည်ထောင်မှု (၂၉)နှစ်မြောက် အထိမ်းအမှတ်နေ့အတွက် ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၆ ခုနှစ်၊ ဇွန်လ ၆ ရက်)

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်(ဘင်းမ်စတက်)၏ (၂၉)နှစ်မြောက် နှစ်ပတ်လည်နေ့မင်္ဂလာအခါသမယတွင် မိမိအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများကိုယ်စား ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံ အစိုးရများ၊ ပြည်သူများနှင့်ဘင်းမ်စတက်အတွင်းရေးမှူးရုံးတို့ကို နွေးထွေးစွာ နှုတ်ခွန်းဆက်သလျက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယခုနှစ်ကုန်ပိုင်းတွင် အားကောင်းသော အယ်လ်နီညို အခြေအနေသို့ ရောက်ရှိနိုင်

နေပြည်တော် ဇွန် ၅

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အယ်လ်နီညိုဖြစ်ပေါ်နိုင်သော အခြေအနေများကို တွေ့ရှိရသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနေပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှုမမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

မိုး/၈လ

ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာတစ်ခုဖြစ်ပြီး နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ရင်ဆိုင်ဖြေရှင်းနိုင်မည်

နေပြည်တော် ဇွန် ၅

၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေဆင်း သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

တရားရုံးက ဦးဆောင်သည့် ဧရိယာ ဖြေရှင်းရေးမှသည် အပြည်ပြည်ဆိုင်ရာ ဧရိယာညှိနှိုင်းရေးသို့

ဆောင်းပါး စာမျက်နှာ » ၉

အပူချိန်မြင့်မားမှုများနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်နေမှု အခြေအနေများကို အများပြည်သူသို့ အသိပေးသတင်းထုတ်ပြန်ခြင်း

ပြည်တွင်းရေးရာ စာမျက်နှာ » ၁၁

ဖလမ်းမြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာကြသော နိုင်ငံဝန်ထမ်းများအား မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆို

ပြည်တွင်းရေးရာ စာမျက်နှာ » ၁၄

တည်ငြိမ်အေးချမ်းမှုကိုတည်ဆောက်စီးပွားရေးလမ်းကြောင်းများမြင့်တင်

ကုန်စည်စီးဆင်းမှုလွယ်ကူချောမွေ့မှု၊ ကုန်သွယ်စီးပွားကောင်းမွန်မှု၊ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် ချစ်ကြည်ရင်နှီးမှုတို့အတွက် လမ်းပန်းဆက်သွယ်ရေး လုံခြုံစိတ်ချကောင်းမွန်မှုသည် အရေးကြီးသောအချက်ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ကုန်သွယ်လမ်းကြောင်းများ၌ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတို့ရှိသည့်အနက် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအမျိုးမျိုးတို့သည် ပြည်တွင်း၊ ပြည်ပသွင်းကုန်၊ ထုတ်ကုန်များအတွက် အဓိကကျသော သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများဖြစ်သည်။

မြန်မာနိုင်ငံသည် တောင်အာရှဒေသ၏ ဆုံချက်တွင်တည်ရှိသဖြင့် မဟာဗျူဟာမြောက်သည့် ထူးခြားသော ပထဝီအနေအထားကို ပိုင်ဆိုင်ထားသည်။ အရှေ့ဘက်တွင် ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံကြီးဖြစ်သည့် တရုတ်နိုင်ငံနှင့် အနောက်ဘက်တွင်လည်း စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံကြီးဖြစ်သည့် အိန္ဒိယနိုင်ငံတို့နှင့် အိမ်နီးချင်းနိုင်ငံများအဖြစ်လည်းကောင်း၊ မိတ်ဟောင်းဆွေဟောင်းနိုင်ငံများအဖြစ်လည်းကောင်း၊ မိတ်ဖက်နိုင်ငံများအဖြစ်လည်းကောင်း အစဉ်အလာမပျက်ထိတွေ့ဆက်ဆံလုပ်ကိုင်လျက်ရှိသည်။ မြန်မာနိုင်ငံသည် အရှေ့နှင့်အနောက်ကို ပေါင်းကူးဆက်သွယ်ပေးသည့် မဟာဗျူဟာမြောက်နိုင်ငံဖြစ်သည်။ ဒေသတွင်း ဈေးကွက်များကို ချိတ်ဆက်ပေးပြီး ကုန်သွယ်မှု၊ သယ်ယူပို့ဆောင်မှုနှင့် စီးပွားရေးပေါင်းစည်းမှုတို့ကို လွယ်ကူချောမွေ့စေသည့် သဘာဝကုန်တွင်းတံတား (Natural Land Bridge) သဖွယ်တည်ရှိနေသည်။

အရှေ့ဘက်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းများအနက် အဓိကကျသည့် တရုတ်-မြန်မာ မူဆယ်-၁၀၅ မိုင် ကုန်သွယ်ရေးစခန်းနှင့် ထိုင်း-မြန်မာ မြဝတီကုန်သွယ်ရေးစခန်းတို့သည် အရေးပါသည့်ကုန်သွယ်ရေးလမ်းကြောင်းများဖြစ်သည်။ အနောက်မြောက်ဘက်တွင် အိန္ဒိယ-မြန်မာ တမူးကုန်သွယ်ရေးလမ်းကြောင်းသည် အရေးပါသည့် ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည်။ အဆိုပါကုန်သွယ်ရေးလမ်းကြောင်းများမှ နှစ်နိုင်ငံဆက်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးကို ပံ့မှန်ဆောင်ရွက်ခဲ့သော်လည်း ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေအရ အဆိုပါဒေသများတွင် မတည်ငြိမ်မှု၊ မလုံခြုံမှုများဖြစ်ပေါ်ခဲ့သည်။ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးနှောင့်ယှက်မှုများကြောင့် ကုန်သွယ်ရေးလမ်းကြောင်းများ ရပ်တန့်ပြတ်တောက်သွားခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်ရေးနှင့် လူမှုစီးပွားဘဝများ ထိခိုက်နစ်နာခဲ့ရသည်။

တပ်မတော်အနေဖြင့် ကုန်စည်စီးဆင်းမှုနှင့် နယ်စပ်ဒေသလုံခြုံရေးအတွက် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ မြဝတီကုန်သွယ်ရေးနှင့် မူဆယ်ကုန်သွယ်ရေးလမ်းကြောင်းများ လုံခြုံစိတ်ချတည်ငြိမ်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ကလေးနှင့်တမူး ဆက်သွယ်ရေးလမ်းကြောင်းကို အမြန်ဆုံးဖွင့်လှစ်နိုင်အောင် ကြိုးပမ်းခဲ့ရာ နယ်စပ်ဂိတ်ကို ဖွင့်လှစ်နိုင်ပြီဖြစ်သည်။ အိန္ဒိယအရှေ့မြောက်ဒေသ မိုရေးနှင့်တမူး ဆက်သွယ်သည့်လမ်းကြောင်းသည် အရေးပါသဖြင့် မြန်မာနိုင်ငံသို့ အိန္ဒိယထုတ်ကုန်များ ဝင်ရောက်လာနိုင်ရေး၊ အိန္ဒိယပြည်သူများ မြန်မာနိုင်ငံနယ်စပ်ဂိတ်မှတစ်ဆင့် ကူးလူးဆက်ဆံနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မိုင်ပေါင်း ၈၀၀ ကျော်ရှည်လျားသည့် မြန်မာ-ထိုင်း-အိန္ဒိယ သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုံခြုံရေးအခြေအနေအရ အခက်အခဲရှိသောနေရာများတွင် ရပ်တန့်လျက်ရှိသည်။ ထိုင်း-မြန်မာ လမ်းကြောင်းပိုင်းမှာမူ ပွင့်သွားပြီဖြစ်သည်။ အိန္ဒိယမှ မြန်မာနိုင်ငံအလယ်ပိုင်းကိုဖြတ်သန်းပြီး ထိုင်းနိုင်ငံသို့ဆက်သွယ်သည့် လမ်းကြောင်းမှာ ပိုမိုအရေးပါသည်။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံအတွက် ကြီးမားသောကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ နှစ်စဉ် နှစ်ဘီလီယံကျော် ကုန်သွယ်မှုရှိပြီး မြန်မာနိုင်ငံမှ ပို့ကုန်မှာ ပိုများသည်။ ဥပမာ သစ်တောနှင့်သတ္တုထွက်ကုန်ပစ္စည်းပို့ကုန်များ၊ ရော်ဘာ၊ ချည်မျှင်ရည်ဝါ၊ ပဲအမျိုးမျိုးနှင့် အခြားထွက်ကုန်ပစ္စည်းများကို တင်ပို့လျက်ရှိသည်။ အိန္ဒိယနိုင်ငံဘက်မှ သံ၊ သံမဏိ၊ အထည်၊ ဆေးဝါးနှင့်လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို တင်သွင်းလျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်စသည့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ကွန်ရက်သဖွယ်ချိတ်ဆက်လျက်ရှိသည်။ အဆိုပါကုန်သွယ်ရေးကွန်ရက်များသည် မြန်မာနိုင်ငံ လူဦးရေသန်း ၅၀ ကျော်၏ ဈေးကွက်ဖြစ်သလို အိမ်နီးချင်းနှင့်ဒေသတွင်း စုစုပေါင်းလူဦးရေသန်း ၂၀၀ ကျော်၏ ဈေးကွက်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝမြင့်မားတိုးတက်လာရေးအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ပြည်တွင်း၊ ပြည်ပကုန်သွယ်ရေးလမ်းကြောင်းများ ကောင်းမွန်ရေးသည် အရေးကြီးသည့်အချက်များဖြစ်ရာ ဒေသတည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးနှောင့်ယှက်လျက်ရှိသည့် ဒေသအသီးသီးမှ အကြမ်းဖက်သောင်းကျန်းသူများကို တပ်မတော်နှင့်အတူ ပူးပေါင်းလက်တွဲရှင်းလင်းပြီး နှစ်နိုင်ငံချစ်ကြည်ရင်နှီးမှု၊ ကူးသန်းသွားလာမှု၊ စီးပွားကူးသန်းရောင်းဝယ်မှုများ တိုးတက်ကောင်းမွန်လာအောင် ပိုင်းဝန်းဆောင်ရွက်ကြပြီး နိုင်ငံအဆင့်အတန်း၊ နိုင်ငံ့ပုံရိပ်ကို မြှင့်တင်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန
(က) ဦးဇော်လင်း	ညွှန်ကြားရေးမှူးချုပ် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ) ဒေါက်တာ ခင်သီတာ	ညွှန်ကြားရေးမှူးချုပ် ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ပညာရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်း ကို ပြည်ထောင်စုဝန်ကြီးရုံးညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(၅-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၄.၉ ~ ၃၆၆၉	၅၅၈.၆ ~ ၅၅၈.၇	၁၂၅.၅ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၁,၆၉၀,၈၇၈.၀၈	၂၂,၆၆၉,၈၀၅.၂၇	၁၇,၀၉၂,၁၁၁.၇၀	
ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ				

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ တိရစ္ဆာန်အစာ၊ ထုပ်ပိုးမှုပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃.၀၀ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၅ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ဂ၁၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၅ - ၆ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၇,၀၀၀	၁၈,၀၀၀	၈၉၇	၁၅,၆၃၂,၀၀၀
MTSH	၈,၀၀၀	၈,၅၀၀	၅,၁၀၅	၄၂,၅၇၁,၅၀၀
MCB	၁၃,၅၀၀	၁၄,၀၀၀	၁၀၄	၁,၄၂၉,၀၀၀
FPB	၇,၁၀၀	၈,၀၀၀	၇,၄၁၇	၅၄,၆၂၅,၅၀၀
TMH	၃,၇၀၀	၃,၇၀၀	၈၂၀	၃,၀၃၄,၀၀၀
EFR	၁,၇၅၀	၁,၈၅၀	၁၄,၂၃၅	၂၅,၄၈၁,၅၀၀
AMATA	၄,၀၀၀	၄,၁၀၀	၂၁၂	၈၅၁,၀၀၀
MAEX	၅,၅၀၀	၆,၀၀၀	၄၄၉	၂,၅၆၄,၁၀၀
MADPL(PLB)	၇,၂၀၀	၈,၂၀၀	၆၁၁	၄,၈၀၃,၃၀၀
ASPGB(PLB)	၄၅,၀၀၀	၄၇,၀၀၀	၁၂၈	၅,၈၆၅,၀၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မိုမိုအောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာလွှေ၊ ခင်ယုဆွေ၊ အိအိမွန်
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦ၊ နိုင်လင်းကြည်	အငယ်တန်း သတင်းထောက်များ	- အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
		သုတေသန	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နိုလာစိုးနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေ့ပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်နှုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၇၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ဗန်ကောက်ကြေညာစာတမ်းမှတစ်ဆင့် ပေါ်ပေါက်လာသည့် ဘင်းမ်စတက်အဖွဲ့ကြီးသည် တန်းတူညီမျှမှု၊ အပြန်အလှန် လေးစားမှုနှင့် မိတ်ဖက်စိတ်ဓာတ်ဟူသော အခြေခံမူများကို လိုက်နာလျက် ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်မြှင့်တင်ရန်အတွက် အရေးပါသော ပလက်ဖောင်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိပါသည်။

နှစ်ဆယ့်ကိုးနှစ်တာကာလအတွင်း ဘင်းမ်စတက်အဖွဲ့သည် ၎င်း၏ အဖွဲ့အစည်းဆိုင်ရာမူဘောင်များကို ခိုင်မာစေရန်နှင့် ဦးစားပေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့နိုင်ရန်အတွက် မြမြစွာ ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဤသို့စုပေါင်းအားထုတ်မှုများသည် အဖွဲ့အစည်း၏ ထိရောက်မှုကို မြှင့်တင်ပေးရုံသာမက ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအတွက် အနှစ်သာရရှိသော ၎င်း၏ အခန်းကဏ္ဍကိုလည်း ပိုမိုခိုင်မာစေခဲ့ပါသည်။

လာမည့်နှစ်တွင် ဘင်းမ်စတက်အဖွဲ့တည်ထောင်မှု နှစ်(၃၀) ပြည့်မြောက်မည်ဖြစ်ရာ မိမိတို့အနေဖြင့် ရရှိခဲ့သည့်အောင်မြင်မှုများကို ပြန်လည်သုံးသပ်၍ ပိုမိုမြင့်မားသော ရည်မှန်းချက် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်သွားရမည်ဖြစ်ပါသည်။ ဘင်းမ်စတက်အဖွဲ့ကို မိမိတို့၏ ပြည်သူများအတွက် လက်တွေ့ကျသော အကျိုးကျေးဇူးများကို ဖော်ဆောင်ပေးနိုင်သည့် ပိုမိုထိရောက်သော၊ ရလဒ်ကိုအခြေခံသော၊ တုံ့ပြန်မှုအားကောင်းသော ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုအဖြစ် ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိမိတို့ အတူတကွ လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

ဘင်းမ်စတက်အထိမ်းအမှတ်နေ့သည် မိမိတို့ဒေသအတွင်းရှိ ကြီးမားသော အလားအလာများနှင့် ထိုအလားအလာများကို အသုံးချရာတွင် ညီညွတ်မှု၏ အရေးပါပုံကို သတိပြုမိစေရန် နှိုးဆော်ပေးသည့် အချိန်အခါသမယပင်ဖြစ်ပါသည်။ မိမိတို့အားလုံးစုပေါင်း၍ လက်ရှိ မျိုးဆက်နှင့် နောင်မျိုးဆက်သစ်များအတွက် ပိုမိုကြွယ်ဝခိုင်ပြီး တက်ကြွကာ ပြည်သူကိုဗဟိုပြုသော ဘင်းမ်စတက်အသိုက်အဝန်းတစ်ခုကို တည်ဆောက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော ကျေးရွာဆုရရှိသည့် ရှမ်းပြည်နယ် ကလောမြို့နယ် ဘော်နင်းရွာသစ်ကျေးရွာအတွက် ဆုပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော စက်ရုံ/ လုပ်ငန်းဆုရရှိသည့် ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ Shwe Wah Nadi Agriculture Co.Ltd ၏ ဆန်စပါးကြိတ်ခွဲသန့်စင်ထုတ်လုပ်ခြင်းလုပ်ငန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမျိုးသားအဆင့်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း(အထက်တန်းနှင့် အလယ်တန်းအဆင့်) ဒုတိယရရှိသည့်ကျောင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

* ရှေ့ဖုံးမှ

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆုရရှိကြသူများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ယနေ့သည် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ဖြစ်သည်နှင့်အညီ ယခုနှစ် ၂၀၂၆ ခုနှစ်အတွက် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများကိုယ်စားအိမ်ရှင်နိုင်ငံအဖြစ် အဓာဘိုင်ဂျန်နိုင်ငံက တာဝန်ယူပြီး မြို့တော်ဘာကူမြို့၌ အခမ်းအနားကျင်းပ ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအသီးသီးတွင်လည်း ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလျက်ရှိကြကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အထိမ်းအမှတ်အခမ်းအနားများကို တစ်ပြိုင်တည်း ကျင်းပလျက်ရှိကြောင်း။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့တွင် တစ်ကမ္ဘာလုံးက သတိထားပြီး အလေးထားကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းထားသည့် ဆောင်ပုဒ်အနေဖြင့် **"ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ (A Global Call for Climate Action)"** ဖြစ်ကြောင်း၊ ရည်ရွယ်ချက်အနေဖြင့် ရာသီဥတုပြောင်းလဲမှု၏ နောက်ဆက်တွဲဆိုးကျိုးများနှင့်သဘာဝဘေးအန္တရာယ်များကို မိမိတို့လူသားများက ပြန်လည်တုံ့ပြန်နိုင်ရန် အထူးသဖြင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များကို အလျင်အမြန်ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် လိုအပ်နေပြီဖြစ်သည့် အကြောင်း သတိပေးတိုက်တွန်း လှုံ့ဆော်ပေးနေခြင်းဖြစ်ကြောင်း။

ကမ္ဘာပေါ်တွင် စက်မှုစတင်ထွန်းကားလာသည့် ကာလမတိုင်မီနှစ်များစွာက သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့အကြား ဆက်နွယ်မှုသည် ဟန်ချက်ညီညီမျှမျှတတရှိခဲ့ကြောင်း၊ သို့သော်လည်း စက်မှုလုပ်ငန်းများ တိုးတက်လာပြီး ရုပ်ကြွင်းလောင်စာ အခြေခံစွမ်းအင် အသုံးပြုမှု တိုးမြှင့်လာခြင်းကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် မီသိန်းတို့ကဲ့သို့ လေထုအပူချိန် ပိုမိုမြင့်မားစေနိုင်သည့် မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှု ပိုမိုမြင့်မားလာကြောင်း၊ ထို့ကြောင့် လည်း စက်မှုစတင်ထွန်းကားလာသည့် ကာလကရှိခဲ့သည့် ပျမ်းမျှအပူချိန်ကို ကျော်လွန်လာနေပြီဆိုသည်ကို ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရအသျင်းချင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (IPCC)နှင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ (WMO)တို့၏ လေ့လာမှုများအရ သိရှိရကြောင်း၊ ၂၀၂၄ ခုနှစ်သည် ကမ္ဘာမြေ၏ စံချိန်တင်အပူဆုံးနှစ်ဖြစ်ခဲ့ပြီး ၂၀၂၅ ခုနှစ်၏ အပူချိန်သည် ၁၈၅၀ ပြည့်နှစ်မှ ၁၉၀၀ ပြည့်နှစ်အတွင်းရှိ ပျမ်းမျှအပူချိန်ထက် ၁ ဒသမ ၄၃ ဒီဂရီဆဲလ်ဆီးယပ်စ်နှုန်း ပိုမိုပူပြင်းခဲ့ကြောင်း၊ ယင်းအချက်အလက်များသည် ကမ္ဘာ့အပူချိန် နှစ်စဉ်မြင့်တက်နေသည့် အကြောင်း ဖော်ညွှန်းနေပြီး ယင်းအခြေအနေကို မထိန်းချုပ်နိုင်ပါက ယခုရာစုနှစ်အကုန်တွင် ကမ္ဘာ့အပူချိန်သည် စက်မှုစတင်ထွန်းကားလာသည့် ကာလမတိုင်မီ အပူချိန်ထက် ၂ ဒသမ ၁ မှ ၃ ဒသမ ၅ ဒီဂရီဆဲလ်ဆီးယပ်စ်နှုန်း ပိုမိုပူပြင်းလာနိုင်ကြောင်းကို ခန့်မှန်းထားကြကြောင်း၊ အပူရှိန် မြင့်တက်လာမှုနှင့်အတူ နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်များသည်လည်း ပိုမိုဆိုးရွားပြင်းထန်လာမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများသည် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရပြီး သိသာထင်ရှားသည့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြောင်း၊ နိုင်ငံတကာ ရာသီဥတုစောင့်ကြည့်လေ့လာမှုအဖွဲ့အစည်း၏ ၂၀၂၆ ခုနှစ် ရာသီဥတုဘေး ဖြစ်နိုင်ခြေညွှန်ကိန်းအရ မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်မှုအများဆုံး ခံစားနေရသည့် ကမ္ဘာ့(၁၀)နိုင်ငံထဲတွင် ပါဝင်နေသည်ကို လေ့လာတွေ့ရှိရကြောင်း၊ နံပါတ်(၁) အပူချိန်၊ နံပါတ်(၂) လေဒဏ်၊ မိုးဒဏ်၊ မုန်တိုင်းဒဏ် ခံစားရခြင်းခြေများလိမ့်မည်ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသသည် ကမ္ဘာ့အပူချိန်အမြင့်မားဆုံးစာရင်းဝင်နေသည့် ဒေသဖြစ်**ကြောင်း၊ ၂၀၂၅ ခုနှစ်က ချောက်မြို့သည် ၄၅ ဒသမ ၃ ဒီဂရီဆဲလ်ဆီးယပ်စ်၊ ယခုနှစ်တွင် ၄၄ ဒသမ ၉ ဒီဂရီဆဲလ်ဆီးယပ်စ်ရှိကြောင်း၊ အလားတူ မြေလတ်ဒေသမြို့ကြီး ၁၂ မြို့သည် ၄၁ ဒီဂရီဆဲလ်ဆီးယပ်စ်နှင့် အထက်ရှိကြောင်း၊ **ကမ္ဘာကြီးပူနွေးလာမှုကြောင့်ဟု ဆိုနိုင်ကြသော်လည်း ယင်းဒေသတွင် သစ်တောသစ်ပင် ကျဲပါးမှုရှိနေသည်မှာ အမှန်ပင်ဖြစ်**ကြောင်း၊ **လေ့လာချက်များအရ ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း စာမျက်နှာ ၄ သို့ ***

☆ **မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသသည် ကမ္ဘာ့အပူချိန် အမြင့်မားဆုံးစာရင်းဝင်နေသည့် ဒေသဖြစ်**

☆ **ကမ္ဘာကြီးပူနွေးလာမှုကြောင့်ဟုဆိုနိုင်ကြသော်လည်း ယင်းဒေသတွင် သစ်တောသစ်ပင် ကျဲပါးမှုရှိနေသည်မှာ အမှန်ပင်ဖြစ်**

☆ **လေ့လာချက်များအရ ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ သစ်ပင်မျိုးစုံ ၂၆၉ သန်း ၈ သိန်း ကျော်စိုက်ခဲ့သည်ကို တွေ့ရှိရ**

* စာမျက်နှာ ၃ မှ

မြန်မာနိုင်ငံ၌ သစ်ပင်မျိုးစုံ ၂၆၉ သန်း ၈ သိန်းကျော်စိုက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အကြမ်းဖျင်းအားဖြင့် ၎က တစ်သန်းခန့်နှင့်ညီမျှကြောင်း၊ **လူတို့၏ လိုအပ်ချက်အရ အကြောင်းအမျိုးမျိုးဖြင့် သစ်အသုံးချမှုရှိသော်လည်း စိုက်ပျိုးသည့် သစ်ပင်များ တစ်ပင်စိုက်တစ်ပင်ရှင်စိုက်ခဲ့ပါက သစ်တောသစ်ပင် ဆုံးရှုံးမှုကို အပြည့်အဝ ကာကွယ်ပေးနိုင်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးကို နိုင်ငံတော်အနေဖြင့် ကဏ္ဍအသီးသီးတွင် စနစ်တကျ အစီအမံနှင့် အထူးအလေးထား ပေါင်းစပ်ဆောင်ရွက်ကြရန် အထူးပင် လိုအပ်နေပြီဖြစ်သည်ကို သတိပေးမှာကြားလိုကြောင်း။

ရာသီဥတုပြောင်းလဲမှုကို ဖြစ်စေသည့် အဓိကအကြောင်းရင်းမှာ စွမ်းအင်နှင့် စက်မှုလုပ်ငန်းများ ထွန်းကားလာခြင်း၊ ရုပ်ကြွင်းလောင်စာ အသုံးပြုမှုများလာခြင်း၊ သစ်တောများပြုန်းတီးခြင်းနှင့် မြေအသုံးချမှုပြောင်းလဲခြင်း၊ လူဦးရေတိုးပွားလာခြင်းနှင့်အတူ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လာခြင်း၊ ပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်လာခြင်းနှင့် စွန့်ပစ်ပစ္စည်းများ များပြားစွာ စုပုံလာခြင်း စသည်တို့၏ အကျိုးဆက်အနေဖြင့် လေထုထဲသို့ မှန်လုံအိမ်ဓာတ်ငွေ့ပမာဏ အမြောက်အမြား ပို့မိ ထုတ်လွှတ်လာခြင်းကြောင့် ဖြစ်ကြောင်း။

မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုများကို လျှော့ချနိုင်ရန်၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြုနိုင်ရန်နှင့် စွမ်းအင်ကို အကျိုးရှိ ထိရောက်စွာ အသုံးပြုရန်လို သကဲ့သို့ သစ်တောပြန်လည်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်း၊ ရာသီဥတုနှင့် သဟဇာတဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် လိုအပ်ကြောင်း၊ ထို့ပြင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ကမ္ဘာကြီးပူနွေးမှု အလားအလာမြင့်မားသည့် အနေးပေးဒြပ်ပစ္စည်း အသုံးပြုမှု လျှော့ချခြင်းနှင့် ပိတ်ပင်တားမြစ်ခြင်းတို့ကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုဖြစ်ပြီး နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ရင်ဆိုင်ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ ယင်းအတွက် မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း (UNFCCC)နှင့် ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ စာချုပ်များဖြစ်သည့် ကျိုတိုနောက်ဆက်တွဲစာချုပ်နှင့် ပါရီသဘောတူညီချက်တွင် အဖွဲ့ဝင်နိုင်ငံ အဖြစ် ဝင်ရောက်ခဲ့ပြီး ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၅ ခုနှစ် နိုဝင်ဘာလက ဘရာဇီးနိုင်ငံ ဘဲလမ်မြို့၌ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဘောင် ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများ၏ အကြိမ်(၃၀) မြောက် ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့ကြောင်း၊ ယင်းအစည်းအဝေးကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတက်ရောက်ခဲ့ပြီး နိုင်ငံခေါင်းဆောင်များ၏ မျက်နှာစုံညီ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် မြန်မာနိုင်ငံကိုယ်စားပြု အမှာစကား ပြောကြားဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ယင်းသည် မြန်မာနိုင်ငံအနေဖြင့် မျိုးဆက်သစ်များအတွက် ရေရည်တည်တဲ့ ခိုင်မြဲပြီး အားလုံးပါဝင်သည့် ရာသီဥတုဒဏ်ခံနိုင်သည့် အနာဂတ်တစ်ခုကိုရရှိအောင် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်း ဆောင်ရွက်မှုကို ဖော်ညွှန်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် ပါရီသဘောတူညီချက် ပါကတိကဝတ်အရ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း အတွင်းရေးမှူးရုံးကို တင်သွင်းထားသည့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတိုင်း မှန်လုံအိမ်ဓာတ်ငွေ့လျော့ချရေး ရည်မှန်းချက်များ ပြည့်မီရေး အတတ်နိုင်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းလုပ်ငန်းအစီအစဉ်ပါ ဦးစားပေးနယ်ပယ်များဖြစ်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖွံ့ဖြိုးတိုးတက်လာစေရေး၊ သစ်တောသစ်ပင်များ စိုက်ပျိုးထိန်းသိမ်းရေး၊ ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးရေးစနစ်များ ဖော်ထုတ်ရေး၊ စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးပြု နိုင်သည့် မြို့ပြနှင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေး၊ ထင်းအစားထိုးစွမ်းအားမြင့် မီးဖိုဖြန့်ဝေရေး၊ နေစွမ်းအင်ကိုအခြေခံသည့် ကျေးလက်မီးလင်းရေး၊ ကာဗွန်ထုတ်လွှတ်မှုမရှိသည့် လျှပ်စစ်သုံးယာဉ် တိုးမြှင့်ထုတ်လုပ်အသုံးပြုရေး စသည်တို့ကို အလေးထား ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ကဏ္ဍအသီးသီးတွင် ကာဗွန်ထုတ်လွှတ်မှုလျော့နည်းပြီး ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြုသည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ထင်းအစားထိုးစွမ်းအားမြင့် မီးဖိုဖြန့်ဝေရေး၊ နေစွမ်းအင်ကိုအခြေခံသည့် ကျေးလက်မီးလင်းရေး၊ ကာဗွန်ထုတ်လွှတ်မှုမရှိသည့် လျှပ်စစ်သုံးယာဉ် တိုးမြှင့်ထုတ်လုပ်အသုံးပြုရေး စသည်တို့ကို အလေးထား ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ကဏ္ဍအသီးသီးတွင် ကာဗွန်ထုတ်လွှတ်မှုလျော့နည်းပြီး ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြုသည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ထင်းအစားထိုးစွမ်းအားမြင့် မီးဖိုဖြန့်ဝေရေး၊ နေစွမ်းအင်ကိုအခြေခံသည့် ကျေးလက်မီးလင်းရေး၊ ကာဗွန်ထုတ်လွှတ်မှုမရှိသည့် လျှပ်စစ်သုံးယာဉ် တိုးမြှင့်ထုတ်လုပ်အသုံးပြုရေး စသည်တို့ကို အလေးထား ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ကဏ္ဍအသီးသီးတွင် ကာဗွန်ထုတ်လွှတ်မှုလျော့နည်းပြီး ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြုသည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ သက်ဆိုင်ရာကဏ္ဍအလိုက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေး၊ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လွှတ်မှု လျော့နည်းစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ လုပ်ငန်းစဉ်များကို ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များက ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းပြီး အရှိန်အဟုန်မြှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း (မူလတန်းအဆင့်) ပထမဆုရရှိသည့် ကျောင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ လူတို့၏လိုအပ်ချက်အရ အကြောင်းအမျိုးမျိုးဖြင့် သစ်အသုံးချမှုရှိသော်လည်း စိုက်ပျိုးသည့်သစ်ပင်များ တစ်ပင်စိုက်တစ်ပင်ရှင်စိုက်ခဲ့ပါက သစ်တောသစ်ပင် ဆုံးရှုံးမှုကို အပြည့်အဝ ကာကွယ်ပေးနိုင်မည်

☆ ကဏ္ဍအသီးသီးတွင်ကာဗွန်ထုတ်လွှတ်မှုလျော့နည်းပြီး ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြုသည့် အစိမ်းရောင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး သက်ဆိုင်ရာကဏ္ဍအလိုက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း

☆ ကြုံတွေ့နေရသည့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေး၊ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လွှတ်မှု လျော့နည်းစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်ပါ လုပ်ငန်းစဉ်များကို ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များက ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းပြီး အရှိန်အဟုန်မြှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်

“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့” ဟူသည့် ဦးတည်ချက်နှင့် အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် သစ်တောသစ်ပင် စိုက်ပျိုးထိန်းသိမ်းခြင်းသည် အလွန်အရေးကြီးကြောင်းကိုပြောလိုကြောင်း၊ ထို့ကြောင့် သစ်တောပြန်းတီးမှု လျော့ကျစေရေးနှင့် သစ်တောဖုံးလွှမ်းမှုကို နိုင်ငံ့ဧရိယာ၏ ၅၀ ရာခိုင်နှုန်း ပြည့်မီစေရေးအတွက် ကြိုးပိုင်း၊ ကြိုးပြင်ကာကွယ်တောများကို နိုင်ငံ့ဧရိယာ၏ ၂၆ ဒသမ ၁၁ ရာခိုင်နှုန်းနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရန်အတွက် သဘာဝနယ်မြေ ၆၂ ခု၊ နိုင်ငံ့ဧရိယာ၏ ၆ ဒသမ ၅၉ ရာခိုင်နှုန်းထိ တိုးမြှင့်တည်ထောင်ဖွဲ့စည်းနိုင်ခဲ့ကြောင်း။

ဖွဲ့စည်း တည်ထောင်ပြီးဖြစ်သည့် သစ်တောနယ်မြေ၊ သစ်တောနယ်မြေပြင်ပနေရာများနှင့် ကုန်းတွင်းဒေသများတွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကာကွယ်နိုင်ရေး၊ ရေကြီးရေလျှံမှု၊ မြေတိုက်စားမှုများမှ ကာကွယ်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် သစ်တောများ ပြန်လည်တည်ထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ နိုင်ငံပိုင်စိုက်ခင်း၊ စီးပွားရေးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်း စသည့် စိုက်ခင်းကဏပေါင်း ၁၆၀၀၀၀ ကျော်၊ အပင်ပေါင်း ၁၂၂ သန်း ကျော်ကို စိုက်ပျိုးခဲ့ပါကြောင်း။ ယခုနှစ် ၂၀၂၆ ခုနှစ်မှာလည်း တစ်နိုင်ငံလုံးအတိုင်း အတာအနေဖြင့် နိုင်ငံပိုင်သစ်တောစိုက်ခင်းများ အပါအဝင် ဧကပေါင်း ၃၀၀၀၀ ၌ အပင်ပေါင်း ၂၁ သန်းကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပူပိုင်းဒေသ ၁၃ ခရိုင်၊ မီးရထားလမ်းများ၊ အာဆီယံလမ်းမကြီးနှင့် ကားလမ်း ဘေးဝဲ/ယာများ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ အင်းလေးကန် တစ်ဝိုက် ဧရိယာများတွင် ဆက်စပ်ဌာနများနှင့်အတူ ပိုင်းဝန်းပူးပေါင်းစိုက်ပျိုးနေကြောင်း၊ အလားတူကမ်းရိုးတန်းဒေသများတွင် ၂၀၂၅ ခုနှစ်က ဒီရေတောစိုက်ခင်း ၁၇၁၅ ဧက၊ အပင်ပေါင်း နှစ်သန်းကျော်ကို စိုက်ပျိုးခဲ့ပြီး ၂၀၃၀ ပြည့်နှစ်အထိ ရေရှည် စိမ်ချက်များရေးဆွဲကာ နှစ်စဉ် ဒီရေတောစိုက်ခင်းများ တည်ထောင်သွားမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ *

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပဲမျိုးစုံသီးနှံသုတေသနဌာနစုမှ သုတေသနပြုထုတ်လုပ်ထားသည့် သီးနှံမျိုးစေ့များအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါ၍ နေပြည်တော် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပဲမျိုးစုံသီးနှံသုတေသနဌာနစုမှ သုတေသနပြုထုတ်လုပ်ထားသည့် သီးနှံမျိုးစေ့များကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် နှင့် တာဝန်ရှိသူများက စိုက်ပျိုးရေး သုတေသနဦးစီးဌာန ပဲမျိုးစုံသီးနှံသုတေသနဌာနစုမှ သုတေသနပြုထုတ်လုပ်ထားသည့် ပဲမျိုးများ၊ နေကြာမျိုးများနှင့် သီးနှံမျိုးများကို မျိုးစေ့များအလိုက် သုတေသနပြု ထုတ်လုပ်လျက်ရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပဲမျိုးစုံသီးနှံသုတေသနဌာနစုမှ သုတေသနပြုထုတ်လုပ်ထားသည့် သီးနှံမျိုးစေ့များကို ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မိမိတို့နိုင်ငံ အနေဖြင့် ပြည်ပနိုင်ငံများသို့ စျေးကွက်ဝင် အရည်အသွေးရှိသည့် ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲလွမ်း၊ ပဲပုပ်တို့ အပါအဝင် ပဲအမျိုးမျိုးကို တင်ပို့ရောင်းချရလျက်ရှိကြောင်း၊ စျေးကွက်ရရှိမှု ပိုမိုခိုင်မြဲစေရေး အတွက် ပဲများ၏ အရည်အသွေး ထိန်းသိမ်းခြင်း၊ ပိုမိုကောင်းမွန်လာအောင် စဉ်ဆက်မပြတ် သုတေသနပြု ထုတ်လုပ်ခြင်းများကို ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ပဲမျိုးစုံသီးနှံများသည် ပြည်တွင်းစားသုံးခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းတို့ဖြင့် ဝင်ငွေရရှိပြီး စီးပွားရေးအရ အရေးပါသည့် သီးနှံများဖြစ်သည့်အတွက် ဒေသနှင့် သင့်တော်ကိုက်ညီသည့်အထွက်ကောင်းမျိုး၊ ရောဂါဒဏ်ခံနိုင်သောမျိုး၊ စျေးကွက်ရရှိသည့်မျိုးများကို စဉ်ဆက်မပြတ် သုတေသနပြု ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း။

လက်ရှိ ပြည်ပစျေးကွက်သို့ တင်ပို့လျက်ရှိသော ပဲမျိုးစုံတို့ အနေဖြင့် အရည်အသွေးအားဖြင့် ကောင်းမွန်မှုရှိသော်လည်း အခြားနိုင်ငံများမှ ပဲများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက လိုအပ်ချက်ရှိနေသည်ဟု သိရှိရကြောင်း၊ ပဲမျိုးများကို သုတေသနပြု ထုတ်လုပ်ရာတွင် အရွယ်အစား၊ အရောင်အဆင်း၊ အရသာ စသည့် သုံးမျိုးစလုံး ကောင်းမွန်နေရန်လို ကြောင်း၊ ဒေသအလိုက် ရေမြေသဘာဝတူညီမှုရှိမည် မဟုတ်သဖြင့် အရွယ်အစား၊ အရောင်အဆင်း၊ အရသာများလည်း ကွဲပြားခြားနားမှုရှိနိုင်မည် ဖြစ်သောကြောင့် ဒေသအလိုက် ကိုက်ညီသည့် သီးနှံမျိုးစေ့များကို စနစ်တကျဖြင့် သုတေသနပြု ထုတ်လုပ်သွားရန် လိုကြောင်း၊ နေကြာမျိုးစေ့များနှင့် နှမ်းမျိုးစေ့များကိုလည်း ဆက်လက်တိုးချဲ့ ထုတ်လုပ်သွားနိုင်ရန်လိုကြောင်း၊ စိုက်ဧက တိုးချဲ့မည်ဆိုပါက ဖြစ်ပေါ်လာနိုင်မည့် မျိုးစေ့လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး မျိုးစေ့ထုတ်လုပ်ခြင်း လုပ်ငန်းများကို ပြည်တွင်း၌သာ စဉ်ဆက်မပြတ် သုတေသနပြု ထုတ်လုပ်သွားကြရန်လိုကြောင်း၊ သီးနှံစိုက်ဧက အများအပြားရှိသော်လည်း အထွက်နှုန်း လျော့နည်းလျက်ရှိသည့် ဒေသများသို့ သုတေသနအဖွဲ့များ စေလွှတ်၍ အချိန်ယူ သုတေသနပြု အဖြေရှာဆောင်ရွက်သွားကြရန်လည်း လိုကြောင်း၊ သီးနှံများကို ပြည်ပသို့ တင်ပို့ရောင်းချရာတွင် အမြတ်နည်းနည်းနှင့် အရေအတွက်များများ ရောင်းချနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

★ မိမိတို့နိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ စျေးကွက်ဝင် အရည်အသွေးရှိသည့် ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲလွမ်း၊ ပဲပုပ်တို့ အပါအဝင် ပဲအမျိုးမျိုးကို တင်ပို့ရောင်းချရလျက်ရှိ

★ စျေးကွက်ရရှိမှု ပိုမိုခိုင်မြဲစေရေးအတွက် ပဲများ၏ အရည်အသွေးထိန်းသိမ်းခြင်း၊ ပိုမိုကောင်းမွန်လာအောင် စဉ်ဆက်မပြတ် သုတေသနပြုထုတ်လုပ်ခြင်းများကို ဆောင်ရွက်သွားကြရန်လို

★ ပဲမျိုးစုံသီးနှံများသည် ပြည်တွင်းစားသုံးခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းတို့ဖြင့် ဝင်ငွေရရှိပြီး စီးပွားရေး အရ အရေးပါသည့် သီးနှံများဖြစ်သည့်အတွက် ဒေသနှင့်သင့်တော်ကိုက်ညီသည့်အထွက်ကောင်းမျိုး၊ ရောဂါဒဏ်ခံနိုင်သောမျိုး၊ စျေးကွက်ရရှိသည့်မျိုးများကို စဉ်ဆက်မပြတ် သုတေသနပြု ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လို

* စာမျက်နှာ ၄ မှ

ယခုနှစ် ၂၀၂၆ ခုနှစ် မိုးရာသီ၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲနှင့် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲများကို တစ်ရက်တည်း၊ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အပင်ပေါင်း ၅၄၁၈၀ ကို စိုက်ပျိုးရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ ယင်းနေရာတွင် စိုက်ပျိုးထားသည့် သစ်ပင်များရှင်သန်ရန် တစ်ပင်စိုက် တစ်ပင်ရှင်ဖြစ်ရန် ဆက်လက်လုပ်ဆောင်ရမည့် ပြုစု ထိန်းသိမ်းခြင်းလုပ်ငန်းများကို လည်း အလေးထား ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသည့် ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းရာတွင် ကာဗွန်ထုတ်လွှတ်မှု လျော့နည်းစေမည့် အစိမ်းရောင် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေး လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် တိုးမြှင့်ဆောင်ရွက်နိုင်ရန် အလေးထား ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ထို့အပြင် ပြောင်းလဲလာသည့် ရာသီဥတုနှင့်လိုက်လျောညီထွေနေထိုင်နိုင်ရေး ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များကို စောင့်ကြည့်လေ့လာခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုလျော့နည်းအောင် ကြိုတင်သတိပေးစနစ်များ အဆင့်မြှင့်တင်ခြင်း၊ ရာသီဥတုနှင့် လိုက်လျောညီထွေနေထိုင်သည့် အလေ့အကျင့်ကောင်းများကို တစ်ဦးတစ်ယောက်ကစပြီး ဌာန၊ အဖွဲ့အစည်း အားလုံး ပါဝင်ဆောင်ရွက်ကြရန်လည်း လိုကြောင်း၊ သို့မှသာ ရာသီဥတုဒဏ် ခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသည့် လူမှုအသိုင်းအဝိုင်းကို ရရှိနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံး အနေဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ကာ **"ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့"**ဟု တိုက်တွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးသော မြို့ကြီးများဆုရရှိသည့် ကရင်ပြည်နယ် ဘားအံမြို့၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်စိမ်ခန့်ခွဲမှု ကောင်းမွန်သော မြို့ဆုရရှိသည့် ရန်ကုန်တိုင်း ဒေသကြီး သန်လျင်မြို့၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်စိမ်ခန့်ခွဲမှု ကောင်းမွန်သော ကျေးရွာဆုရရှိသည့် ရှမ်းပြည်နယ် ကလောမြို့နယ် ဘော်နင်းရွာသစ် ကျေးရွာ၊ အမျိုးသားအဆင့်ပတ်ဝန်းကျင် စီမံခန့်ခွဲမှုကောင်းမွန်သော စက်ရုံ/လုပ်ငန်းဆုရရှိသည့် ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးမှ Shwe Wah Nadi Agriculture Co.Ltd ၏ ဆန်စပါးကြိတ်ခွဲသန့်စင် ထုတ်လုပ်ခြင်းလုပ်ငန်းတို့မှ တာဝန်ရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမျိုးသားအဆင့်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း(အထက်တန်းနှင့် အလယ်တန်းအဆင့်) ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသည့် ကျောင်းများကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်ရီက အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်း(မူလတန်းအဆင့်) ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် ကျောင်းများကို လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဌေးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်တက္ကသိုလ်၊ ကောလိပ်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်းကျောင်းအဆင့် စာစီစာကုံး ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိသူများကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ သဝဏ်လွှာဗီဒီယိုနှင့် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ် (UNEP)အမှုဆောင်ညွှန်ကြားရေးမှူး၏ ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ သဝဏ်လွှာ ဗီဒီယို၊ ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးအသိပညာပေးဗီဒီယိုတို့ကို ကြည့်ရှုကြကာ ဆုရရှိကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးမှုကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၅

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေး ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့သို့တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရေ ၃၅၁ ဦး ရှိသည်အနက် ယနေ့အစည်းအဝေးသို့ ၃၄၉ ဦး တက်ရောက်သဖြင့် တက်ရောက်မှု ရာခိုင်နှုန်း ၉၉ ဒသမ ၄၃ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။

ထို့နောက် **အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်၏ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်တို့ ပါဝင်သည့် အောင်လံခရိုင်ကို ၂၀၂၂ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် သရက်ခရိုင်မှခွဲထုတ်ပြီး အောင်လံခရိုင်အဖြစ် ဖွဲ့စည်းခဲ့ကြောင်း၊ သို့သော် ခရိုင်ဖွဲ့စည်းခြင်း လေးနှစ်ကြာ ကာလအတွင်း သက်ဆိုင်ရာခရိုင်ရုံးတချို့ လိုအပ်နေသေးကြောင်း ပြည်သူများထံမှ သိရှိရသည့်အတွက် မကွေးတိုင်းဒေသကြီး အောင်လံခရိုင်ဟု သတ်မှတ်ထားမှုနှင့်အညီ ခရိုင်အဆင့်ရုံးများဖြစ်သည့် (ကညန)ရုံး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဌာနရုံးနှင့် မြန်မာ့အာမခံလုပ်ငန်းရုံးတို့ကို ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ဖွင့်လှစ်ပေးမည် ဆိုပါက မည်သည့်အချိန်တွင် လုပ်ဆောင်ဖွင့်လှစ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍** ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက အောင်လံခရိုင်အတွင်းရှိ မော်တော်ယာဉ်သက်တမ်းတိုးခြင်း လုပ်ငန်းနှင့် ယာဉ်မောင်းလိုင်စင် ဖြေဆိုထုတ်ပေးခြင်းကို သရက်ခရိုင်ရုံးက တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ် နှစ်ခုပါဝင်သော အောင်လံခရိုင်အတွင်း၌ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် ၁၂၀၈၇ စီးနှင့် ယာဉ်မောင်းလိုင်စင် ၁၈၇၀၇ စောင် ရှိပါကြောင်း၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် သက်တမ်းတိုးခြင်းနှင့် ယာဉ်မောင်းလိုင်စင် ဖြေဆိုထုတ်ပေးခြင်း လုပ်ငန်းများကို အောင်လံမြို့သို့ တစ်လလျှင် နှစ်ကြိမ်နှုန်းဖြင့် တစ်နှစ်လျှင် ၂၄ ကြိမ် နယ်လှည့်ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သရက်ခရိုင်ရုံး အနေဖြင့် အောင်လံခရိုင်သို့ နယ်လှည့်ကွင်းဆင်းသည့်အခါ မော်တော်ယာဉ်နှင့် သက်ဆိုင်သည့် အာမခံလုပ်ငန်းကို တစ်ပါတည်း One Stop Service ပုံစံဖြင့် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ လတ်တလော ကာလတွင် အောင်လံခရိုင်၊ သရက်ခရိုင်နှင့် တွဲဖက်၍ One Stop Service ပုံစံဖြင့် ဆောင်ရွက်ပေးနေပြီး ခရိုင်ရုံးအသစ်များ ဖွင့်လှစ်နိုင်ရန် ကန့်သတ်ချက်များရှိနေခြင်းတို့ကြောင့် အောင်လံခရိုင်အတွက် ခရိုင်ရုံးဖွင့်လှစ်ရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည် ဖြေကြားသည်။

မာန်အောင် မဲဆန္ဒနယ်မှ ဦးကျော်သန်း၏ မာန်အောင်မြို့နယ် စမုံတဲလေယာဉ်ကွင်းအား တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် တိုးချဲ့ဆောက်လုပ်ပေးမည် ဆိုပါက မည်သည့် ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် မာန်အောင် လေယာဉ်ပြေးလမ်းတွင် ATR 72-600 အမျိုးအစား လေယာဉ်များ ဆင်း၊ တက် အသုံးပြုနိုင်ရေးအတွက် လက်ရှိလေယာဉ်ပြေးလမ်း ၄၅၀၀ x ၁၀၀ ပေအား ဆောင်ရွက်ရမည်ဖြစ်ပြီး ပထမအဆင့် အနေဖြင့် တောင်ဘက်သို့ ၁၅၀၀ x ၁၀၀ ပေ လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းနှင့် ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းခတ် မဲဆန္ဒနယ်မှ ဦးစိုင်းဝန်းဆမ်၏ မိုင်းခတ်မြို့နယ် မိုင်းနှုန်းကျေးရွာအုပ်စု တပ်မိုင် ကျေးရွာရှိ နမ့်နှုန်းချောင်းဘေးတွင် အရှည် ပေ ၅၀၀ ခန့် ကျောက်စီရထားနံရံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိလျှင် မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက မိုင်းခတ်မြို့၏ တပ်မိုင်ကျေးရွာကို ရေကြီးရေလျှံမှုမှကာကွယ်ရေးရန် နည်းလမ်းနှစ်မျိုးရှိပါကြောင်း၊ ပထမနည်းလမ်းမှာ နမ့်နှုန်းချောင်းကို ရေလမ်းကြောင်း လွှဲပေးခြင်းဖြစ်ပြီး ကျေးရွာမျက်နှာချင်းဆိုင်ရှိ မြေသားခုံ အလျားပေ ၁၂၆၀ ခန့်ကို ဖြောင့်တူးပြီး ချောင်းဖြောင့်ပေးခြင်းဖြင့် တပ်မိုင်ကျေးရွာအား ရေဝဲထိုးစီးဆင်းနေမှုမှ သွေဖည်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဒုတိယနည်းလမ်းမှာ တပ်မိုင်ကျေးရွာအား နမ့်နှုန်းချောင်း ကမ်းပါးတစ်လျှောက် မြေထိန်းနံရံများဖြင့် တိုက်ရိုက် ကာကွယ်ရာတွင် ချောင်းနှင့် ထိစပ်နေသောအပိုင်း ဖြစ်သည့် အလျားပေ ၆၅၀ ခန့်ကို သာ လမ်းကြီး Level အမြင့်နှင့် အညီကာကွယ်ပေးရန် လိုအပ်သည်ကို တွေ့ရှိရကြောင်း။

သို့ဖြစ်ပါ၍ တပ်မိုင်ကျေးရွာအနီး လက်ရှိဖြတ်သန်းစီးဆင်းနေသော နမ့်နှုန်းချောင်း ချောင်းဖြောင့်ခြင်းလုပ်ငန်းသည် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး ငွေလုံးငွေရင်းရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သဖြင့် ဦးစားပေး လုပ်ငန်းအဖြစ်ဆောင်ရွက်နိုင်ရေး အတွက် အသေးစိတ် ကွင်းဆင်း တိုင်းတာစစ်ဆေး၍ အနီးစပ်ဆုံး ဘဏ္ဍာနှစ်တွင် လျာထားစီမံဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**မိုးနဲမဲဆန္ဒနယ်မှ စိုင်းထွန်းလင်း၏ မိုးနဲမြို့နယ် ဖိုင်လုံဆည်မှ ကြူတောဆည်အထိ ၅ ဒသမ ၁ မိုင်အတွင်းရှိ နုန်းမြေနှင့် ချုံနွယ်များကို တူးဖော်ရှင်းလင်းရန် ရှိ၊ မရှိ၊ ကျိုးပေါက်နေသည့် နမ့်တွန့်ချောင်း တာပေါင် ငါးနေရာ၊ အလျား ၂၃၂၅ ပေရှိသည့်အနက် ချောင်းပေါင်းများကို တူးဖော်ရှင်းလင်းရန် ရှိ၊ မရှိ၊ ကျိုးပေါက်နေသည့် နမ့်တွန့်ချောင်း တာပေါင် ငါးနေရာ၊ အလျား ၂၃၂၅ ပေကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၀၀ ဒသမ ၄၉၅ သန်းဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြန်လည်မြေဖို့ ပြုပြင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်ရှိနေသည့် နမ့်တွန့်ချောင်း ပေါင်လေးနေရာ အလျား ပေ ၁၂၀၀ ကို ခိုင်ခံ့အောင် ပြန်လည်မြေဖို့ခြင်းလုပ်ငန်းအား ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု မူလရန်ပုံငွေကျပ် သန်း ၁၂၀ ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

နမ့်တွန့်ချောင်းနှင့် နမ့်မယ်မန်း ချောင်းဆုံရာမှ အရံပေါင်များမှာ နှစ်ကာလ ကြာမြင့်လာသော ကြောင့် နိမ့်ကျလျက်ရှိပါကြောင်း၊ အဆိုပါအရံပေါင်အလျား ၁ ဒသမ ၃၇ မိုင်အား အဆင့်မြှင့်တင်ခြင်း လုပ်ငန်း ၂၀၂၇-၂၀၂၈ ပြည်ထောင်စု မူလရန်ပုံငွေ (ငွေလုံးငွေရင်း)သို့မဟုတ် သင့်လျော်ရာ ရန်ပုံငွေတွင် ထည့်သွင်း တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

နမ့်တွန့်ချောင်းနှင့် နမ့်မယ်မန်း ဆုံရာမှ နားခံ - ဟဲကောလမ်း အထိ ၁ ဒသမ ၄၃ မိုင်အား တာပေါင်မြှင့်တင်ခြင်းနှင့် နုန်းမြေဖယ်ရှားခြင်း လုပ်ငန်းများကိုလည်း ၂၀၂၇-၂၀၂၈ ခု ပြည်ထောင်စု မူလရန်ပုံငွေ (ငွေလုံးငွေရင်း) သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် ထည့်သွင်းတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထန်းတပင် မဲဆန္ဒနယ်မှ ဦးသိန်းရီ၏ ထန်းတပင်မြို့နယ် ချောင်းဟောင်း ထိန်နှစ်ပင်မှ စာဖြူစုကျေးရွာအလွန် (ရိုးရှည်) အထိ အရှည် သုံးမိုင်အား ချောင်းဟောင်းတူးဖော်ရန် လိုအပ်လျက် ရှိပါသောကြောင့် ချောင်းဟောင်း ပေအရှည် သုံးမိုင်အား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် မည်သည့်အချိန်၊ မည်သည့်ကာလတွင် ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ တို့အား သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ထိန်နှစ်ပင်ချောင်းဟောင်းမှ စာဖြူစုကျေးရွာအလွန်(ရိုးရှည်) ချောင်းဟောင်းအထိ အရှည် သုံးမိုင် ပြန်လည်တူးဖော်ခြင်း လုပ်ငန်းသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးမှ လျာထားဆောင်ရွက်မည့် သဲဖြူကျေးရွာ ချောင်းအရင်းပိုင်းမှ ရွာကန့်လန့်ကျေးရွာရှိ ချောင်းသစ် ချောင်းအထိ ချောင်းဟောင်းအား ၃ ဒသမ၅ မိုင်ပြန်လည်တူးဖော်ခြင်း လုပ်ငန်းဖြစ်ပါကြောင်းနှင့် အဆိုပါ လုပ်ငန်း ဆောင်ရွက်နိုင်ရန် အတွက် တင်ဒါအောင်မြင်သည့် ကုမ္ပဏီနှင့် လုပ်ငန်းစာချုပ်ချုပ်ဆို၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မကုန်မီ လုပ်ငန်းအား အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပျဉ်းမနား မဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး၏ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်အုပ်စု အတွင်းရှိ ကိုယ့်အားကိုယ်ကိုး ဆည်များဖြစ်ကြသည့် နမ်းတောဆည်၊ ကြခတ်ဆည်၊ ဇီးရိုင်းဆည်နှင့် ကျောက်ဆည် ဆည်တို့အား တောင်သူများ စိုက်ပျိုး"ရေ" လုံလောက်စွာ ရရှိသုံးစွဲနိုင်ရေး ပြန်လည်တူးဖော်ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ပျဉ်းမနား မြို့နယ် နမ်းတောချောင်းပေါ်တွင် နမ်းတောရေလွှဲဆည်(ညောင်ပင်ပိုင်းရေလွှဲဆည်)ကို တည်ဆောက်ထားပြီး လက်ရှိအခြေအနေ၌ ရေလွှဲဆည်၏ အထက်ပိုင်း၊ အောက်ပိုင်းနှင့် ရေပေးမြောင်းအတွင်း သဲနုန်းတို့ချတိမ်ကောနေသောကြောင့် သဲနုန်းတူးဖော်ခြင်းနှင့် ရေပေးမြောင်းပြုပြင်ခြင်း တို့ကို ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ပြုပြင်ခြင်းလုပ်ငန်းအား ၂၀၂၆-၂၀၂၇ ခုနှစ် နေပြည်တော်ကောင်စီ ရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း။

ဇီးရိုင်းချောင်းပေါ်တွင်ရှိသည့် ဇီးရိုင်းဆည်၊ ကျောက်ဆည်ရေလွှဲဆည်နှင့် ကြခတ်ရေလွှဲဆည်တို့၏ လက်ရှိအခြေအနေတွင် သဲနုန်းတူးဖော်ခြင်း လုပ်ငန်းများ၊ ရေကာပေါင် ပြုပြင်ခြင်းလုပ်ငန်းများနှင့် ရေပေးမြောင်း သဲနုန်းတူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း။

စာမျက်နှာ ၇ သို့ »»

❐ ကျောဖုံးမှ

အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Putin က မိန့်ခွန်းပြောကြားကာ ဖိုရမ်၏ဆွေးနွေးမှုကို ဦးဆောင်ဆွေးနွေးသည်။

နံနက်ပိုင်းကလည်း ဒုတိယသမ္မတ ဦးညီစောသည် ရုရှား-အာဆီယံ စီးပွားရေးကောင်စီ (Russia-ASEAN Business Council) ဥက္ကဋ္ဌ Mr. Ivan Viktorovich Polyakov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အဆိုပါစင်တာ၌ လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှား-အာဆီယံ စီးပွားရေးကောင်စီတို့အကြား ဆက်ဆံရေးပိုမိုခိုင်မာစေရန်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံ ကျယ်ပြန့်စွာ ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ထားဝယ်ရေနက်ဆိပ်ကမ်းဓာတ်အားပေးစက်ရုံဆိုင်ရာ MoU လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Inter RAO ကုမ္ပဏီနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ လေဝင်းလုံ စီးပွားဖွံ့ဖြိုးကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများက ဒုတိယသမ္မတနှင့် ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးတို့၏ ရှေ့မှောက်တွင် လက်မှတ်များရေးထိုးကြပြီး စာချွန်လွှာများကို အပြန်အလှန်လဲလှယ်ကြသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှောစကွန်ဂရက်စ် ရင်းနှီးမြှုပ်နှံမှု ငွေကြေးရန်ပုံငွေအဖွဲ့ (Fund RC-Investments) တို့အကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာ (MoC) များကို တာဝန်ရှိသူများက လက်မှတ်များရေးထိုးကြပြီး စာချွန်လွှာများကို အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

»» စာမျက်နှာ ၆ မှ

သို့ဖြစ်ပါ၍ တောင်သူများ စိုက်ပျိုးရေးလုံလောက်စွာသုံးစွဲနိုင်ရေးအတွက် ရေလွှဲဆည်များပြုပြင်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာ ရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ ဆိုင်ရာကော်မတီနှင့် ကော်တီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်း တင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက် ရယူရာ လွှတ်တော်က သဘောတူ သည့်အတွက် အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ ဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ် စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံ၊ အတွင်းရေးမှူးအဖြစ် ချောင်းဦးမဲဆန္ဒနယ်မှ ဦးထွန်းလွင် အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယ ဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည် ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌ အဖြစ် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်းနှင့် အတွင်းရေးမှူးအဖြစ် မှော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာ နေလင်းတို့ကို တာဝန် ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး စတုတ္ထနေ့ကို ဇွန် ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တရုတ်နိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်

နေပြည်တော် ဇွန် ၅

တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီ၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီအား ယနေ့နံနက် ၁၁ နာရီတွင် ပေကျင်းမြို့ရှိ ကျောက်ယွီထိုင် နိုင်ငံတော်ဧည့်ကေဟာ၌ သွားရောက်တွေ့ဆုံသည်။

အမြင်ချင်းဖလှယ်ဆွေးနွေး

နှစ်ဖက်တွေ့ဆုံမှုတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာစေရေးနှင့် "အေးအတူပူအမျှ အသိုက်အဝန်း" တည်ထောင်မှုအပါအဝင် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့်တိုးရေး၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးဖြင့်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးဖြင့်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများတွင် တရုတ်နိုင်ငံက ဆက်လက်ပံ့ပိုးကူညီသွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထိုပြင် နယ်စပ်ဒေသများရှိ အွန်လိုင်းလိမ်လည်မှုများနှင့် တရားမဝင်လုပ်ငန်းများကို အိမ်နီးချင်းကောင်းပီသစွာ အတူတကွ ပူးပေါင်းတိုက်ဖျက်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင်လည်း နှစ်နိုင်ငံ အပြန်အလှန်ထောက်ခံရပ်တည်ပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ တိုးဖြင့် ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား အစဉ်တစိုက် ထောက်ခံအားပေးမှုနှင့် ကူညီပံ့ပိုးပေးမှုများ၊ အထူးသဖြင့် မြေလျင်အပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် "တရုတ်တစ်နိုင်ငံတည်းမူဝါဒ"နှင့် တရုတ်နိုင်ငံ အကြီးအကဲ၏ ကမ္ဘာလုံးဆိုင်ရာအစီအမံ (၄)ရပ်အပေါ် အပြည့်အဝထောက်ခံပြီး ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင်လည်း ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အထူးသဖြင့် SCO နှင့် လန်ချန်း- မဲခေါင် ပူးပေါင်းဆောင်ရွက်မှု စသည့် မူဘောင်များအောက်ရှိ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အလေးအနက်ထား ပြောကြားခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယီက တရုတ်နိုင်ငံအနေဖြင့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီတည်ဆောက်မှုတွင် မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် ကိုက်ညီမှုရှိသည့် လမ်းကြောင်းဖြင့် လျှောက်လှမ်းနေမှုကို ထောက်ခံအားပေးပါကြောင်း ပြောကြားသည်။ ထို့အတူ နှစ်နိုင်ငံနိုင်ငံခြားရေး ဝန်ကြီးဌာန များအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်း ဖြင့် အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုကိုမြှင့်တင်သွားပြီး ကဏ္ဍစုံ၌ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးဖြင့်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်ပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် ကိုယ်စားလှယ်အဖွဲ့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထို့နောက် ညနေ ၄ နာရီတွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်၊ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီဟုန်ကျူးအား ပြည်သူ့ခန်းမဆောင်၌ သွားရောက်တွေ့ဆုံ၍ လွှတ်တော်နှင့် အဖိုးရသစ်က ဆောင်ရွက်သွားမည့် လုပ်ငန်းကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် ကဏ္ဍသစ်ဖွင့်လှစ်နိုင်ရေးကိစ္စ၊ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

တပ်ကုန်းမြို့၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

တပ်ကုန်း ဇွန် ၅

ပြည်ထောင်စု နယ်မြေနေပြည်တော် တပ်ကုန်းမြို့နယ် ရွှေဥဒေါင်းကျေးရွာတွင် ရွှေမြို့နယ်မြေရဲစခန်းက ဦးဆောင်ကျင်းပသည့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ဇွန် ၃ ရက် မွန်းလွဲပိုင်းတွင် အဆိုပါကျေးရွာ လူထုအခြေပြုခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ရွှေမြို့ နယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်ထွန်းနိုင်ဝင်းက အကြမ်းဖက်အဖွဲ့အစည်းများနှင့် ပါဝင် ပတ်သက်မှုမရှိစေရေး၊ အမှုရေးဖွင့် ဆောင်ရွက်ထားရှိသည့်အကြမ်းဖက်

အမှုများနှင့်ပတ်သက်၍ ဖြစ်စဉ်နှင့်အကြမ်းဖက်ဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊ အီလက်ထရောနစ်ဥပဒေ၊ ရာဇသတ်ကြီးဥပဒေနှင့် ပတ်သက်၍ ပြစ်မှုပြစ်ဒဏ်များ၊ အမျိုးသမီးများအကာအကွယ်ပေး သည့်ဥပဒေ၊ မူးယစ်ဆေးဝါးဥပဒေ၊ လောင်းကစားဥပဒေများ အသိပညာပေးဟောပြောခဲ့ပြီး မှုခင်းကျဆင်းရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**

ဟင်္သာတ ဇွန် ၅

ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတမြို့နယ်၌ လူထုကျန်းမာရေး လုပ်သား (အကျဉ်းချုံး) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၄ ရက် နံနက်ပိုင်းက ဟင်္သာတခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟင်္သာတခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အမှာစကား ပြောကြားပြီး ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ နေခြည်ဆက်ထက် လင်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဟင်္သာတမြို့နယ်၌ လူထုကျန်းမာရေးလုပ်သား သင်တန်းဖွင့်

အဆိုပါ သင်တန်းသို့ ဟင်္သာတမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများမှ လူထုကျန်းမာရေးလုပ်သား ၅၁ ဦး တက်ရောက်ခဲ့ပြီး သင်တန်းတွင် ကျန်းမာရေးအသိပညာပေးခြင်း၊ ကူးစက်ရောဂါ ကာကွယ်နိမ့်မံနင်းရေးလုပ်ငန်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ၊ ဆေးဝါးကုသစောင့်ရှောက်မှု လုပ်ငန်း၊ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းတို့နှင့် ပတ်သက်၍ ရက်သတ္တနှစ်ပတ်ကြာ ပို့ချမည် ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လေ့လာရေးခရီးလာရောက်ကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့ကိုယ်စားလှယ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်းခင်းဧည့်ခံ

နေပြည်တော် ဇွန် ၅

ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ နေပြည်တော်သို့ လေ့လာရေးခရီးလာရောက်ကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ကိုယ်စားလှယ်များအား ယနေ့ည၁၀နာရီခွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညို၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအား ထောက်ပံ့ငွေများပေးအပ်ရာ ပဲခူးတိုင်းဒေသကြီး ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှု အသင်းအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် Naypyitaw State Academy ရှိ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှု ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၅

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာနုနုလွင်တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် Naypyitaw State Academy သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် Centre for Research & Innovation (CRI) ဖွင့်လှစ်ရန် လျာထားမှု၊ အဆိုပါ CRI တွင် ကျောက်မျက် ရတနာများ၊ မြေဆီလွှာ၊ သတ္တု သို့မဟုတ် ဓာတုပစ္စည်းများ၏ ပုံဆောင်ခဲ စနစ်ပါဝင်သည့် ဒြပ်စင်၊ ဒြပ်ပေါင်းများ၏ ဖွဲ့စည်းပုံများကို ခွဲခြားစိတ်ဖြာစစ်ဆေးရာတွင် အသုံးပြုသည့် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများ၊ အဆင့်မြင့်အဏုကြည့်မှန်ပြောင်း စက်ပစ္စည်းများကို အကျိုးရှိပြီး ထိရောက်စွာ အသုံးပြုနိုင်ရေး ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ လက်တွေ့ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် အပန်းဖြေရိပ်သာ (Recreation Centre) တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် အိပ်ဆောင်များ တည်ဆောက်နေမှုတို့ကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ ဒုတိယနေ့အဖြစ် ဆက်လက်လေ့လာကြ

နေပြည်တော် ဇွန် ၅

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ အထင်ကရနေရာများသို့ ဒုတိယနေ့အဖြစ် ဆက်လက်လေ့လာကြသည်။

ဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ဥဒယရံသီကုန်းတော်တွင်တည်ရှိသည့် သတ္တာသတ္တာဟ မဟာဗောဓိစေတီတော်နှင့် သံဝေဇနီယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ)တို့တွင် ဖူးမြော်ကြည်ညိုကြပြီး ဘက်စုံပြုပြင်မွမ်းမံရန် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ရောက်ရှိရာ ဝန်ထမ်းများက “MRTV ရှေ့သို့ချီ”နှင့် “ရှင်သန်နေမည် MRTV” တေးသီချင်းတို့ဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး “နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းစွမ်းဆောင်နေသည့် နိုင်ငံတော်မီဒီယာ” Video Clip ကို ပြသသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မအဆောက်အအုံရှိ Audio Mastering Studio၊ Virtual Studio၊ News Channel Studio၊ Radio Recording Studio တို့တွင် လုပ်ငန်းများဆောင်ရွက်နေမှု၊ စိန်ရတုပြတိုက်အတွင်း ခင်ကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့ကြသည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံများ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့် ပြခန်း ၄၀ တွင် ခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် လေ့လာရေးအဖွဲ့သည် ဇေယျာသီရိမြို့နယ် တပ်မတော်စစ်သမိုင်းပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် တပ်မတော်၏သမိုင်းကြောင်း၊ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များ၏ အသုံးအဆောင်များ၊ စစ်လက်နက်ပစ္စည်းများနှင့် လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အေးအေးသန့်၊ ဓာတ်ပုံ-အောင်မင်းထွန်း

ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း TV BRICS သတင်းဌာန၏ မေးမြန်းမှုများကို ဖြေကြား

စိန့်ပီတာစဘတ် ဇွန် ၅

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ TV BRICS သတင်းဌာနနှင့် တွေ့ဆုံပြီး မေးမြန်းမှုများကို ဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိတ်ဖက်နိုင်ငံများနှင့် ချစ်ကြည်ရေး ပိုမိုခိုင်မာစေရန် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မီဒီယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုသည်လည်း အဓိကအခန်းကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်နေပါကြောင်း၊ နှစ်နိုင်ငံအကြား ပြန်ကြားရေးနှင့် သတင်းမီဒီယာကဏ္ဍတွင် ပိုမိုမြင့်တင်နိုင်ရန် ရုရှားနိုင်ငံပိုင် ရုပ်သံဌာနများနှင့် ပူးပေါင်းပြီး ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍတွင် သတင်းအချက်အလက်များ ဖလှယ်ရေး၊ မှတ်တမ်းရုပ်ရှင်များ၊ ယဉ်ကျေးမှုအစီအစဉ်များကို အပြန်အလှန်ဖလှယ် ထုတ်လွှင့်နိုင်ရေး တို့အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ရုရှားနိုင်ငံအပါအဝင် BRICS အဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍတွင် သတင်းအချက်အလက် ပူးပေါင်းဖလှယ်ခြင်းသည် နိုင်ငံများအကြား ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရန်နှင့် ပြည်သူအချင်းချင်းနားလည်မှုကို ပိုမိုမြင့်တင်လာနိုင်လိမ့်မည်ဟု မိမိအနေဖြင့်ယုံကြည်ပါကြောင်း၊ “Media is the Public Opinion Shaping tool” ဆိုသည့် စကားအတိုင်း မီဒီယာသည် ပြည်သူများ၏ အတွေးအမြင်ကို ပုံဖော်ပေးနိုင်သည့်အပြင် နိုင်ငံအချင်းချင်း ယဉ်ကျေးမှုနှင့် စာနာနားလည်မှုများကို ပေါင်းကူးတံတားအဖြစ် လုပ်ဆောင်ပေးပါကြောင်း၊ BRICS နိုင်ငံများနှင့် ပူးပေါင်းပြီး ဒီဂျစ်တယ်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားအရင်းအမြစ် လေ့ကျင့်ပျိုးထောင်ရေးများကို လုပ်ဆောင်ခြင်းဖြင့် လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

သတင်းစဉ်

တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးမှသည် အပြည်ပြည်ဆိုင်ရာစေ့စပ်ညှိနှိုင်းရေးသို့

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသ (Hong Kong Special Administrative Region- HKSAR) တွင် မေလ ၈ ရက်နေ့မှ ၉ ရက်နေ့အထိ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးအဖွဲ့ (International Organization for Mediation- IOMed)၏ ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာစေ့စပ်ညှိနှိုင်းရေးထိပ်သီးအစည်းအဝေး (Global Mediation Summit)နှင့် ဆက်စပ်ကျင်းပသည့် ဆွေးနွေးပွဲ (IOMed Seminar)သို့ မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တွဲဖက်ခရိုင်တရားသူကြီးတစ်ဦးတို့ တက်ရောက်ခွင့်ရခဲ့ပါသည်။

ထိပ်သီးအစည်းအဝေးကို မေလ ၈ ရက်နေ့တွင် Hong Kong Conference and Exhibit Center ၌ ကျင်းပရာ အထူးဧည့်သည် HKSAR Chief Executive John Lee Ka-chiu၊ နိုင်ငံခြားရေးဝန်ကြီးဌာနရုံး Commissioner Cui Jianchun၊ IOMed Secretary-General Teresa Cheng၊ HKSAR တရားရေးဌာန Secretary Paul T. K. Lam နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန Department of Treaty and Law Director-General Qi Dahai တို့ တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့ကြပြီး ကျွမ်းကျင်ပညာရှင်များက စေ့စပ်ညှိနှိုင်းမှုအကြောင်းတို့ကို ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးသို့ နိုင်ငံတကာကိုယ်စားလှယ်များ၊ ကျော်ကြားသည့် စေ့စပ်ညှိနှိုင်းပေးသူများ၊ ဥပဒေပညာရှင်အသိုင်းအဝိုင်းမှ စုစုပေါင်းဦးရေ ၁၀၀၀ ခန့် in-person/ Online ဖြင့် တက်ရောက်ခဲ့ကြပါသည်။ ဆက်စပ်ကျင်းပသည့်ဆွေးနွေးပွဲ (IOMed Seminar) ကို မေလ ၉ ရက်နေ့တွင် IOMed Head Quarters Building တွင် ကျင်းပခဲ့ပြီး Convention on the Establishment of the International Organization for Mediation (IOMed Convention) လက်မှတ်ရေးထိုးသည့်နိုင်ငံများမှ ကိုယ်စားလှယ် ၅၀ ခန့် တက်ရောက်ခဲ့ကြရာ ကျွမ်းကျင်ပညာရှင်များက စေ့စပ်ညှိနှိုင်းမှုအသုံးပြုခြင်း၊ စေ့စပ်ညှိနှိုင်းမှုလုပ်ငန်းစဉ်အပေါ် သုံးသပ်ခြင်းတို့ကို ဆွေးနွေးပြီး စေ့စပ်ညှိနှိုင်းမှုသရုပ်ပြခြင်း ဆောင်ရွက်ကြပါသည်။

ယခုအခါ Convention on the Establishment of the International Organization for Mediation (IOMed Convention) လက်မှတ်ရေးထိုးသည့်နိုင်ငံ ၃၇ နိုင်ငံမှ ၄၁ နိုင်ငံအထိ အတည်ပြုသည့်နိုင်ငံ ရှစ်နိုင်ငံမှ ၁၃ နိုင်ငံအထိ တိုးတက်များပြားလာကြောင်း၊ ဟောင်ကောင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကမ္ဘာကြီးနှင့် ဝင်ပေါက်ဖြစ်ပြီး စေ့စပ်ညှိနှိုင်းရေးမြို့တော်အဖြစ် တည်ဆောက်ရန် စီစဉ်ထားကြောင်း၊ တရုတ်နိုင်ငံသည် IOMed ၏ အိမ်ရှင်နိုင်ငံအဖြစ် အပြည်ပြည်ဆိုင်ရာအငြင်းပွားမှုဖြေရှင်းရေးဂေဟစနစ်ကို အခြားနိုင်ငံများနှင့်အတူ တည်ဆောက်ရန် ဆန္ဒရှိကြောင်း လေ့လာသိရှိခဲ့ရသည်။

> **IOMed သည် စေ့စပ်ညှိနှိုင်းခြင်းဝန်ဆောင်မှုများကို အငြင်းပွားသူနှစ်ဦးနှစ်ဖက်၏ အတိအလင်းဇော်ပြသော သဘောတူညီမှုဖြင့် တင်ပြလာသည့် နိုင်ငံအချင်းချင်းအငြင်းပွားမှုများ၊ ရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံအကြား (နိုင်ငံတစ်နိုင်ငံနှင့် အခြားနိုင်ငံ၏ နိုင်ငံသားတစ်ဦးအကြား) အငြင်းပွားမှုများ၊ အပြည်ပြည်ဆိုင်ရာ ပုဂ္ဂလိကကူးသန်းရောင်းဝယ်ရေးအငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ပေးမည်**

IOMed သည် အပြည်ပြည်ဆိုင်ရာအငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်းဖြေရှင်းရန် အစိုးရများအကြား စဉ်တို့ကို သိရှိခွင့်ရခဲ့ပါသည်။

IOMed ၏ အဓိကလုပ်ငန်းများတွင် အပြည်ပြည်ဆိုင်ရာအငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်းပေးရန်၊ အငြင်းပွားမှုဖြေရှင်းရာတွင် စေ့စပ်ညှိနှိုင်းမှု အသုံးပြုမှုကိုတိုးမြှင့်ရန်၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များမျှဝေသည့် ပလက်ဖောင်းတစ်ခု တည်ဆောက်၍ စေ့စပ်ညှိနှိုင်းမှုဆိုင်ရာ ဆွေးနွေးပွဲများကျင်းပရန်၊ စေ့စပ်ညှိနှိုင်းမှုစွမ်းရည်အတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်၊ အခြားအပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များနှင့် ဆက်သွယ်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ ပါဝင်ပါသည်။

IOMed သည် စေ့စပ်ညှိနှိုင်းခြင်းဝန်ဆောင်မှုများကို အငြင်းပွားသူနှစ်ဦးနှစ်ဖက်၏ အတိအလင်းဖော်ပြသော သဘောတူညီမှုဖြင့် တင်ပြလာသည့် နိုင်ငံအချင်းချင်းအငြင်းပွားမှုများ၊ ရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံအကြား (နိုင်ငံတစ်နိုင်ငံနှင့် အခြားနိုင်ငံ၏ နိုင်ငံသားတစ်ဦးအကြား) အငြင်းပွားမှုများ၊ အပြည်ပြည်ဆိုင်ရာ ပုဂ္ဂလိကကူးသန်းရောင်းဝယ်ရေး အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ အငြင်းပွားမှုများကို ဖြေရှင်းပေးရန် IOMed State to State Mediation Rules၊ IOMed Commercial & Investment Mediation Rules၊ IOMed Code of Conduct for Mediators၊ IOMed Rules on Fees and Costs တို့ သတ်မှတ်ထားပြီး အငြင်းပွားမှုကို ဖြေရှင်းပေးမည့် စေ့စပ်ညှိနှိုင်းပေးသူ ခုံအဖွဲ့ဝင်များစာရင်းကို နိုင်ငံအလိုက်ပြုစုထားရှိမည်ဖြစ်သည်။

> **မြန်မာနိုင်ငံသည် IOMed Convention ကို ၂၀၂၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ IOMed ၏ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ IOMed Convention တွင် မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်မှုသည် မြန်မာနိုင်ငံ၏ အခြားနည်းဖြင့်အငြင်းပွားမှုဖြေရှင်းရေး (Alternative Dispute Resolution- ADR) စနစ် တိုးတက်ဖြစ်ပေါ်ရေးကို အထောက်အကူဖြစ်စေပြီး တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးမှသည် အပြည်ပြည်ဆိုင်ရာစေ့စပ်ညှိနှိုင်းရေးသို့ တက်လှမ်းနိုင်ပြီ**

ထို့ပြင် ကျွမ်းကျင်ပညာရှင်များ၏ စေ့စပ်ညှိနှိုင်းမှုအတွေ့အကြုံများ၊ နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံသူတို့၏ အငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်း၍ ဖြေရှင်းသင့်သည့်အကြောင်းများ၊ ကမ္ဘာလုံးဆိုင်ရာ စေ့စပ်ညှိနှိုင်းခြင်းဂေဟစနစ် (Global Mediation Ecosystem) ဖွံ့ဖြိုးတိုးတက်မှုနှင့် IOMed ၏ အပြည်ပြည်ဆိုင်ရာ စေ့စပ်ညှိနှိုင်းပေးခြင်းလုပ်ငန်းများမှ ကိုယ်စားလှယ် ၅၀ ခန့် တက်ရောက်ခဲ့ကြရာ ကျွမ်းကျင်ပညာရှင်များက စေ့စပ်ညှိနှိုင်းမှုအသုံးပြုခြင်း၊ စေ့စပ်ညှိနှိုင်းမှုလုပ်ငန်းစဉ်အပေါ် သုံးသပ်ခြင်းတို့ကို ဆွေးနွေးပြီး စေ့စပ်ညှိနှိုင်းမှုသရုပ်ပြခြင်း ဆောင်ရွက်ကြပါသည်။

တင်နွယ်စိုး

မြန်မာနိုင်ငံသည် IOMed Convention ကို ၂၀၂၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ IOMed ၏ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာလူမျိုးတို့သည် အငြင်းပွားမှုများဖြေရှင်းရာတွင် စေ့စပ်ညှိနှိုင်းခြင်းကို လက်ခံကျင့်သုံးသည့်အစဉ်အလာရှိခဲ့ရာ အငြင်းပွားမှုများကို အငြင်းပွားမှုနှင့်မသက်ဆိုင်သည့် ဆွေမျိုးသားချင်း/ရပ်ရွာအကြီးအကဲတို့က ညှိနှိုင်းပေးခြင်းမှစ၍ အသင်းအဖွဲ့/အဖွဲ့အစည်းအတွင်း အငြင်းပွားမှုများကို တာဝန်ရှိသူက ညှိနှိုင်းပေးခြင်း၊ စေ့စပ်ဖြေရှင်းခြင်းဌာနများ ဖွင့်လှစ်ခြင်းတို့ ဆောင်ရွက်သည်အထိ ဖွံ့ဖြိုးတိုးတက်ခဲ့ပြီးဖြစ်ပါသည်။

တရားမမှုများအတွက် တရားရုံးက ဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ် (Court-led Mediation) စနစ်ကို ၂၀၂၂ ခုနှစ်တွင် နိုင်ငံတစ်ဝန်း အကောင်အထည်ဖော်ခဲ့ပါသည်။ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်အသီးသီးတွင် စေ့စပ်ဖြေရှင်းရေးဌာနများထား၍ စေ့စပ်ဖြေရှင်းရေးအရာရှိအဖြစ် လေ့ကျင့်သင်ကြားထားသည့် တရားရေးအရာရှိ (တရားသူကြီး)များက ဆောင်ရွက်ပါသည်။

ငွေရလိုမှု၊ မိသားစုအမှုနှင့် ကူးသန်းရောင်းဝယ်မှုများကို စေ့စပ်ဖြေရှင်းရမည့် အမှုများအဖြစ် သတ်မှတ်ပြီး ကျန်တရားမမှုများကို အမှုသည်များ၏ ဆန္ဒအရ စေ့စပ်ဖြေရှင်းပေးလျက်ရှိရာ ၂၀၂၅ ခုနှစ်တွင် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်သောအမှုများ၏ ၃၈ ဒသမ ၃ ရာခိုင်နှုန်းအထိ အောင်မြင်မှုရခဲ့ပါသည်။ ယခုအခါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့် မြန်မာတရားသူကြီးများက IOMed စေ့စပ်ညှိနှိုင်းပေးသူ ခုံအဖွဲ့ဝင်များအဖြစ် အပြည်ပြည်ဆိုင်ရာ အငြင်းပွားမှုများတွင် ပါဝင်ဖြေရှင်းပေးရန် အမည်စာရင်းပေးပို့ထားပြီးဖြစ်ပါသည်။

IOMed Convention တွင် မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်မှုသည် မြန်မာနိုင်ငံ၏ အခြားနည်းဖြင့်အငြင်းပွားမှုဖြေရှင်းရေး (Alternative Dispute Resolution- ADR) စနစ် တိုးတက်ဖြစ်ပေါ်ရေးကို အထောက်အကူဖြစ်စေပြီး **တရားရုံးက ဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးမှသည် အပြည်ပြည်ဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးသို့** တက်လှမ်းနိုင်ပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရည်ညွှန်း- www.iomed.int
www.unionsupremecourt.gov.mm

တောင်ကြီးမြို့ ၆၆/၁၁ ကေဗွီ (၂၀) အမ်ဗွီအေ တောင်ကြီးအမှတ် (၃) ဓာတ်အားခွဲရုံအတွင်း လိုအပ်သော ထိန်း/ပြင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဓာတ်အားပိတ်ဆောင်ရွက်မည်

နေပြည်တော် ဇွန် ၅

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့ပေါ်ဧရိယာများသို့ ဓာတ်အားပို့မှုဖြန့်ဖြူးပေးနိုင်ရန်၊ ဗို့အားကောင်းမွန်စေရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေးတို့အတွက် ၆၆/၁၁ ကေဗွီ (၂၀) အမ်ဗွီအေ တောင်ကြီးအမှတ် (၃) ဓာတ်အားခွဲရုံ၏ ၆၆ ကေဗွီ Switch Yard အတွင်းရှိ ဓာတ်အားလက်ခံစက်ပစ္စည်းများနှင့် ထရန်စဖော်မာချိတ်ဆက်မည့်ပစ္စည်းများ ကြံ့ခိုင်မှုစစ်ဆေးခြင်းနှင့် ဓာတ်အားထိန်းချုပ်ခန်းအတွင်းရှိ ဓာတ်အားလွှတ်စက်ပစ္စည်းများကို လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်အတွက် ၂၀၂၆ ခုနှစ် ဇွန် ၇ ရက်တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဓာတ်အားပိတ်၍ လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ရာ ဓာတ်အားပိတ်လုပ်ငန်းများ ဆောင်ရွက်နေချိန်အတွင်း တောင်ကြီးမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံး အချို့အပါအဝင် မြို့ပေါ်ရပ်ကွက်များရှိ မီးသုံးသူ ၁၉၃၄၈ ဦးတို့ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပါသဖြင့် ဓာတ်အားပိတ်ဧရိယာများရှိ သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၊ အများပြည်သူများကို ကြိုတင်ညှိနှိုင်းအကြောင်းကြားထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၅

စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက် (MYANWEN)ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့အား ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဖွန် ၂၇ ရက်တွင် ကျင်းပမည့် "ကမ္ဘာ့ MSME နေ့" (World MSME Day) အထိမ်းအမှတ် အခမ်းအနားတွင် ကွန်ရက်မှ "Made in Myanmar" ထုတ်ကုန်များ၊ ကွန်ရက်၏ဆောင်ရွက်မှုမှတ်တမ်းများ ပါဝင်ပြသသွားရေး၊ ကွန်ရက်၏ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်လအလိုက် လုပ်ငန်းအစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဝါးမှ ပျော့ဖတ်ထုတ်လုပ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဝန်ကြီးဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုနှင့် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်မှုတို့မှတစ်ဆင့် နိုင်ငံတော်အတွက် အခြေခံကျသည့် တီထွင်ဆန်းသစ်မှုတစ်ရပ်ကို ဖော်ဆောင်နိုင်ရန်ဖြစ်ကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ဝါးမှ ပျော့ဖတ်ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်အား စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်၊ နည်းပညာတိုးတက်ရရှိရန် သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားကာ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပိုင်းဝန်းအကြံပြု ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) ရုံးအကြီးအကဲ Mr. Daihei Mochizuki ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration – IOM) ရုံးအကြီးအကဲဖြစ်သူ Mr. Daihei Mochizuki ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် IOM တို့အကြား လုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင်ရေး အတွက် နားလည်မှု စာချွန်လွှာ(MoU) လက်မှတ်ရေးထိုးနိုင်ရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် IOM နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံခြားသားဝန်ထမ်းများအတွက် ပြည်ဝင်ဗီဇာရရှိရေးနှင့် ပြည်တွင်းခရီးသွားလာခွင့်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအဖြဲတမ်းအတွင်းဝန်၊ ဘာသာရပ်ဆိုင်ရာအရာထမ်းများနှင့် IOM ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော် ဇမ္ဗူသိရိမြို့နယ် သုခတော်ဝင်အိမ်ရာအပိုင်း(၂) တည်ဆောက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖွန် ၅

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသိရိ မြို့နယ်အတွင်းရှိ သုခတော်ဝင်အိမ်ရာအပိုင်း (၂) တည်ဆောက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်း၊ ဒုတိယမြို့တော်ဝန် ဦးဝင်းမိုးခိုင်၊ နေပြည်တော် ကောင်စီဝင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့် တည်ဆောက်ရေးကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြို့တော်ဝန်က သုခတော်ဝင်အိမ်ရာအပိုင်း(၂) တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက အဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းများ၊ လမ်း၊ တံတား လုပ်ငန်းများ၊ ရေ၊ လျှပ်စစ်မီး ရရှိရေး လုပ်ငန်းများကိုလည်း ကောင်း၊ တည်ဆောက်ရေးကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တင်ပြချက်များအပေါ် မြို့တော်ဝန်ကလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး သုခတော်ဝင် အိုပိုင်း(၂) တွင် တာဝန်ယူဆောင်ရွက်သည့် တာဝန်ခံများနှင့် ကုမ္ပဏီများ အနေဖြင့် စေတနာထား ပိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ အခြေခံစာရင်းရေး၊ စာရင်းကိုင်သင်တန်းဖွင့်လှစ်

ရန်ကုန် ဖွန် ၅

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့+အနောက်ပိုင်း)မြို့နယ် မြို့နယ်သမဝါယမဦးစီးဌာနက သမဝါယမအသင်းအမှုဆောင်များနှင့် အသင်းတာဝန်ခံများအခြေခံစာရင်းရေး၊ စာရင်းကိုင်သင်တန်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်သမဝါယမအသင်းစုလပ်မိတက် ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးက အမှာစကားပြောကြားပြီး ဗဟိုသမဝါယမအသင်းလိမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်၊ ရန်ကုန်တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သန်း၊ ရန်ကုန်တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးကြည်စိုးနှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းတို့က မုဒိတာစကား ပြောကြားကြသည်။

မြို့နယ်(ပြန်/ဆက်)

စာအုပ် စာပေ လူ့ မိတ်ဆွေ

လမ်းမတော်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှုင်းလင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖွန် ၅

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အခွန်ဦးစီးဌာနမှူး ရုံးအနေဖြင့် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှုင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ဖွန် ၃ ရက်က လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းမြတ်ကျော်က အမှာစကားပြောကြားပြီး လမ်းမတော်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးကျော်ထွန်းနိုင်က အခွန်ဆိုင်ရာသိသင့် သိထိုက်သည်များကို ရှုင်းလင်းဆွေးနွေးရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်းစုစုပေါင်း ၁၅၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

ကျော်ဆန်းမြင့်

အပူချိန်မြင့်မားမှုများနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်နေမှုအခြေအနေများကို အများပြည်သူသို့ အသိပေးသတင်းထုတ်ပြန်ခြင်း

ကမ္ဘာကြီးပူနွေးလာမှု၊ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာမှုတို့အပါအဝင် များစွာသော အကြောင်းခြင်းရာများကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းများ ဖြစ်ပေါ်လျက်ရှိရာ ယခု ၂၀၂၆ ခုနှစ်အတွင်း၌လည်း ကမ္ဘာတစ်ဝန်း အပူချိန်မြင့်မားမှုကို ကြုံတွေ့ရလျက်ရှိပါသည်။

ဩဇာတြေးလျှိုနိုင်ငံ အနောက်ပိုင်း၊ အွန်စလိုမြို့တွင် ၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ၌ အပူချိန် ၄၉ ဒီဂရီဆဲလ်စီးယပ်စ်အထိရောက်ရှိခဲ့ပြီး ပြင်းထန်သော အပူလှိုင်းသက်ရောက်မှုအဖြစ် မှတ်တမ်းဝင်ခဲ့ပါသည်။ အလားတူ ကမ္ဘာ့အရှေ့အလယ်ပိုင်းနိုင်ငံတစ်ခုဖြစ်သော ဘာရိန်းနိုင်ငံတွင်လည်း ၂၀၂၆ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် အပူချိန် ၄၇.၆ ဒီဂရီဆဲလ်စီးယပ်စ်ဖြင့် နိုင်ငံ၏ အမြင့်ဆုံးအပူချိန်အဖြစ် မှတ်တမ်းတင်ခဲ့ရပါသည်။ ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့မှတ်တမ်းဝင် အမြင့်ဆုံးအပူချိန်မှာ ၄၉.၃ ဒီဂရီဆဲလ်စီးယပ်စ် (၁၂၁ ဒီဂရီဖာရင်ဟိုက်) ဖြစ်ပြီး ပါကစ္စတန်နိုင်ငံ၊ ဂျာကိုဘာဘတ်မြို့၏ ၂၀၂၆ ခုနှစ်၊ မေလ ၂၇ ရက်နေ့ရှိ အပူချိန်ဖြစ်ပါသည်။

အထူးသဖြင့် ဧပြေလလယ်မှ မေလအတွင်း အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့တွင် အပူချိန်များ အလွန်မြင့်မားခဲ့ရာ အိန္ဒိယနိုင်ငံရှိ မြို့ပေါင်းများစွာ၏ နေ့စဉ်အမြင့်ဆုံးအပူချိန်မှာ ၄၆ ဒီဂရီဆဲလ်စီးယပ်စ် အထက်တွင် အများဆုံးရှိခဲ့ပြီး အပူရှဉ့်ခြင်း၊ အပူလွန်ကဲခြင်းတို့ကြောင့် အိန္ဒိယနိုင်ငံတွင် သေဆုံးသူအနည်းဆုံး (၃၇) ဦး ရှိခဲ့ကာ ပါကစ္စတန်နိုင်ငံတွင်လည်း (၁၀) ဦးရှိခဲ့ကြောင်း သတင်းဖော်ပြချက်များအရ သိရှိရပါသည်။

ဥရောပအနောက်ပိုင်းဒေသများ၊ ယူကေနှင့် အိုင်ယာလန်နိုင်ငံတို့တွင်လည်း နွေရာသီ အစောပိုင်းကာလဖြစ်သော မေလ၌ အမြင့်ဆုံး အပူချိန်များဖြစ်ပေါ်ခဲ့ရာ ပြင်သစ်နိုင်ငံတွင် မေလအတွင်း အချို့နေရာများ၌ အမြင့်ဆုံးအပူချိန် ၃၉ ဒီဂရီဆဲလ်စီးယပ်စ်အထိရောက်ရှိခဲ့ပြီး အပူဒဏ်ကြောင့် သေဆုံးသူ (၇) ဦး အထိ ရှိခဲ့ပါသည်။

မြန်မာနိုင်ငံတွင်လည်း ယခု ၂၀၂၆ ခုနှစ် နွေရာသီကာလများတွင် အထူးသဖြင့် ဧပြီလအတွင်း မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ မင်းဘူး၊ တောင်တွင်းကြီး၊ ဆင်ဖြူကျွန်း၊ အောင်လံ၊ ပခုက္ကူ၊ ချောက်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးနှင့် မြင်းခြံမြို့များတွင် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်နှင့်အထက်တွင် ရှိခဲ့ပါသည်။ ၂၀၂၄ ခုနှစ်တွင် အမြင့်ဆုံးအပူချိန် ၄၈.၂ ဒီဂရီဆဲလ်စီးယပ်စ်ဖြင့် စံချိန်သစ်တင်ခဲ့သော ချောက်မြို့တွင် ၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း အပူချိန်နှစ်ကာ ၄၄.၉ ဒီဂရီဆဲလ်စီးယပ်စ်သို့ ရောက်ရှိနေလျက်ရှိပါသည်။

ထိုသို့ပြင်းသော နွေရာသီကာလများအတွင်း အများပြည်သူတို့ အနေဖြင့် အပူချိန်မြင့်မားခြင်းကြောင့် ဖြစ်ပေါ်တတ်သည့် ထိခိုက်ခံစားရမှုများမှ လျော့နည်းသက်သာစေရေးအတွက် အပူရောဂစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ ရေနံချောင်း၊ နတ်မောက်၊ ချောက်၊ မင်းဘူး၊ စက္၊ အောင်လံ၊ မြို့သစ်မြို့များ၌ ၂၀၂၆ ခုနှစ်၊ မတ်လ မှစတင်၍ အရိပ်ရအေးမြသောနေရာများ၊ လေဝင်လေထွက် ကောင်းမွန်သောနေရာများ၌ အပူရောဂစခန်းများဖွင့်လှစ်ပြီး လာရောက်ခိုနားသူများကို သောက်ရေသန့်နှင့် အချိုရည်များတိုက်ကျွေးခြင်း၊ မြန်မာ့ရိုးရာအစားအစာများကျွေးမွေးခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာများဖြန့်ဝေခြင်း၊ လိုအပ်သော ကျန်းမာရေးဆိုင်ရာများ စောင့်ရှောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ အပူဒဏ်အန္တရာယ် ကာကွယ်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်များ၊ လိုက်နာဆောင်ရွက်ရန်များ ထုတ်ပြန်ခြင်း၊ ဆေးရုံ/ ဆေးခန်းများ ကျန်းမာရေးဌာနများ၌လည်း အပူဒဏ်ကြောင့်ခံစားရမှုများကို အဖြန်ဆုံးကုသစောင့်ရှောက်ပေးနိုင်ရန် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို အသင့်ပြင်ဆင်ဆောင်ရွက်ထားခြင်း၊ ကုသစောင့်ရှောက်မှုပေးခြင်းတို့ကို သက်ဆိုင်ရာများအလိုက် ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇွန်လ ပထမပတ်အထိ အပူဒဏ်အန္တရာယ်ကြောင့် သေဆုံးသူ ၃ ဦးရှိခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခဲ့ရသူ (၇၄) ဦးရှိကြောင်း၊ အပူဒဏ်အန္တရာယ်ဆိုင်ရာဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လာမည့်ရာသီကာလများတွင် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍လည်း ကဏ္ဍအလိုက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို ဌာန/အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့များအလိုက် မပြတ်စီမံဆောင်ရွက်လျက်ရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက အများပြည်သူသို့ အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ Telematic Solution Co.,Ltd. မှ အမှုဆောင်အရာရှိချုပ် Mr. Vladimir Parshin အား တွေ့ဆုံ

နေပြည်တော် ဇွန် ၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပလျက်ရှိသည့် (၂၉) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညီညီစောနှင့် အတူ တက်ရောက်လျက်ရှိသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ Telematic Solution Co.,Ltd. မှ အမှုဆောင်အရာရှိချုပ် Mr. Vladimir Parshin အား ဇွန် ၄ ရက် ညနေပိုင်းတွင် EXPOFORUM Convention and Exhibition Centre ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှား၏ ကိုယ်ပိုင်နည်းပညာဖြင့် ထုတ်လုပ်ထားသည့် ဒီဂျစ်တယ်နည်းပညာသုံး မီတာဖတ်ယူသည့်စနစ်နှင့် သုံးစွဲသူများက မိတာခများ ပေးဆောင်နိုင်သည့် Smart meter စနစ် မြန်မာနိုင်ငံတွင် အသုံးပြုနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံ၍ နည်းပညာလွှဲပြောင်းပေးအပ်နိုင်ရန် ကိစ္စရပ်များနှင့် လက်ရှိအသုံးပြုနေသည့်စနစ်တွင်ပေါင်းစပ်၍ အဆင့်မြှင့်တင်သွားနိုင်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၂/၂၀၂၆) ကျင်းပ

နေပြည်တော် ဇွန် ၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များဆိုင်ရာလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဆိုင်ရာ အမေး၊ အဖြေများစာအုပ်ပြုစုရေးလုပ်ငန်းအဖွဲ့ဝင်တို့၏ လုပ်ငန်းကော်မတီအစည်းအဝေး(၂/၂၀၂၆)ကို ဇွန် ၃ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ်အစည်းအဝေးခန်းမတွင် Online & In person Hybrid System ပူးတွဲစနစ်ဖြင့် ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသိန်းကိုကိုနှင့် ဒေါ်ပြုံးပြုံးအေး၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးတို့က အဖွင့်အမှာစကားပြောကြားပြီး စာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာ အမေး၊ အဖြေစာအုပ် ပြုစုရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် (အငြင်းပွားမှုဖြေရှင်းရေးနှင့် အထူးမှုခင်းကိစ္စရပ်များဌာန၊ ညွှန်ကြားရေးမှူး) ဒေါ်အေးအေးလှိုင်က မူပိုင်ခွင့်ဆိုင်ရာ အမေးအဖြေများစာအုပ်နှင့် အနှစ်ချုပ် စာအုပ်ထုတ်ဝေနိုင်ရေးအတွက် ဆောင်ရွက်ပြီးစီးမှုများကို အပြီးသတ်အတည်ပြုနိုင်ရန် ရှင်းလင်းတင်ပြသည်။

ထို့နောက်အဆိုပါစာအုပ်ထုတ်ဝေနိုင်ရေးအတွက် ဆောင်ရွက်မှုကို အပြီးသတ်အတည်ပြုခြင်းနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဆိုင်ရာ အမေး၊ အဖြေများ စာအုပ်ပြုစုရေးလုပ်ငန်းအဖွဲ့ဝင်တို့က ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)တွင် တက်ရောက်လျက်ရှိသည့် နိုင်ငံသားကောင်းပြည်သူ့စစ်မှုထမ်းများကို တွေ့ဆုံအားပေး

နေပြည်တော် ဇွန် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန်ယန်းမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၂၅)မှ နိုင်ငံသားကောင်း ပြည်သူ့စစ်မှုထမ်းများကို ယနေ့နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက နိုင်ငံသားကောင်းပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား စားသောက်ဖွယ်ရာများပေးအပ်ရာ သင်တန်းသားများက အသီးသီး လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သင်တန်းသားစားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာသုံးဆောင်ကြပြီး သင်တန်းသားများကို ရင်းရင်နှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၅

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ (World Environmental Conservation Day) အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများက ၂၀၂၅- ၂၀၂၆ ခုနှစ် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုရရှိသည့် ကျောင်းများ၊ ၂၀၂၅-၂၀၂၆ ခုနှစ် ပတ်ဝန်းကျင်စိမ်းခန့်ခွဲမှုကောင်းမွန်သော မြို့ဆု၊ ကျေးရွာဆု၊ စက်ရုံဆု/ လုပ်ငန်းဆုနှင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ပြီး အထိမ်းအမှတ်အခမ်းအနားတွင် ပြသထားသည်များကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။ ဖွဲ့ထက်ကို(ပြန်/ဆက်)

မကွေးမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

မကွေး ဇွန် ၅

၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဌေး၊ နယ်မြေခံတပ်နယ်မှူးတပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဆရာ ဆရာမများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာဖတ်ကြားသည့် ဗီဒီယို၊ ၂၀၂၆ ခုနှစ် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP)အမှုဆောင်ညွှန်ကြားရေးမှူး၏ သဝဏ်လွှာဖတ်ကြားသည့် ဗီဒီယိုနှင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဗီဒီယိုတို့ကို ပြသသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုရကျောင်းနှင့် ကျေးရွာများ၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ပြိုင်ပွဲဝင်ဆုရစာစီစာကုံးများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

လွိုင်ကော် ဇွန် ၅

၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကယားပြည်နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒေသကြပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းအထက်တန်းအဆင့်၊ မူလတန်းအဆင့်တွင် ပထမဆုရရှိသူများနှင့် အဆင့်မြင့်ပညာအဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသူများအားလည်းကောင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒေသကြပ်ကဲရေးမှူးတို့က သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းအထက်တန်းနှင့် မူလတန်းအဆင့်တွင် ဒုတိယဆုနှင့် တတိယဆုရရှိသူများအားလည်းကောင်း၊ ပြည်နယ်တရားသူကြီးချုပ်က အဆင့်မြင့်ပညာအဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဒုတိယဆုနှင့် တတိယဆုရရှိသူများအားလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းအထက်တန်းအဆင့် နှစ်သိမ့်ဆုရရှိသူများအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် Video Clip၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းငယ်နှင့် ဆုရကျောင်းသား ကျောင်းသူများ၏ ဆောင်းပါးလက်ရာများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မော်လမြိုင်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

မော်လမြိုင် ဇွန် ၅

၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာဖတ်ကြားသည့် ဗီဒီယို၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး၏ သဝဏ်လွှာဖတ်ကြားသည့် ဗီဒီယိုနှင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဗီဒီယိုမှတ်တမ်းတို့ကို ပြသသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်တို့က ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အမျိုးသားအဆင့်၊ ပြည်နယ်အဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုရကျောင်းများအားလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မွန်ပြည်နယ်အတွင်း ပတ်ဝန်းကျင်စိမ်းခန့်ခွဲမှုကောင်းမွန်သော စံပြကျေးရွာဆုရရှိသည့် ကျေးရွာအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်သည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ်ပြသထားသောအသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

စစ်တွေမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

စစ်တွေ ဇွန် ၅

၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ကာ အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

ရေစကြို မြို့နယ်၌ တိုင်းရင်းဆေးဝါးဝယ်ယူသုံးစွဲသူများ သိကောင်းစရာ လက်ကမ်းစာစောင်ဖြန့်ဝေ

ရေစကြို ဇွန် ၅

ရေစကြို မြို့နယ်၌ မြို့နယ်တိုင်းရင်းဆေးကုဌာနက ဇွန် ၂ ရက် မွန်းလွဲ ၁ နာရီတွင် တိုင်းရင်းဆေးဝါးဝယ်ယူသုံးစွဲသူများ သိကောင်းစရာ လက်ကမ်းစာစောင်ကို မြို့အဝင် ရွှေကြီးလမ်းဆုံနှင့် လူစည်ကားရာ နေရာများ၌ ဖြန့်ဝေခဲ့သည်။

အဆိုပါ တိုင်းရင်းဆေးဝါးဝယ်ယူသုံးစွဲသူများ သိကောင်းစရာ လက်ကမ်းစာစောင်ကို ရေစကြို မြို့နယ် တိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ယုယုထွေးက မြို့ပေါ်ရှိ ရပ်ကွက်နေပြည်သူများနှင့် ကျေးရွာနေ ဒေသခံပြည်သူများ တိုင်းရင်းဆေးဝါး ဝယ်ယူသုံးစွဲရာတွင် အသိအမြင်ဗဟုသုတရရှိစေရေးအတွက် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဝေဇင်မို(ရေစကြို)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားနှင့် အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ

ညောင်ဦးမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။ ဒီပါလင်း

ပင်းတယမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။ အောင်ကိုဦး(ပြန်/ဆက်)

သာယာဝတီမြို့နယ် အထက(၁) ပညာအားမာန်ခန်းမ၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနား ကျင်းပစဉ်။ သန့်ဇော်(ပြန်/ဆက်)

သထုံမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။ ခရိုင်(ပြန်/ဆက်)

ဘုတ်ပြင်းမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။ မြို့နယ်(ပြန်/ဆက်)

ကျိုက်ထိုမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။ ပြည့်ဖြိုး(ပြန်/ဆက်)

တနင်္သာရီတိုင်းဒေသကြီး မြိတ်တက္ကသိုလ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများ ကြည့်ရှုကြစဉ်။ ခိုင်ထူး(ပြန်/ဆက်)

မိတ္ထီလာမြို့ ကန်တော်မလံခန်းမ၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများ ကြည့်ရှုကြစဉ်။ ချမ်းသာ(မိတ္ထီလာ)

မင်းဘူးမြို့ မင်းပူဦးသြဘာသမြို့နယ်ခန်းမ၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများ ကြည့်ရှုကြစဉ်။ မောင်မောင်(မင်းဘူး)

ဟသံတမြို့နယ်အထက(၁)၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနား ကျင်းပစဉ်။ ခရိုင်(ပြန်/ဆက်)

လွိုင်လင်မြို့ လူထုအခြေပြုဗဟိုဌာန၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနား ကျင်းပစဉ်။ လွိုင်လင်မိုး

မြဝတီမြို့ အထက(၁)၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနား ကျင်းပစဉ်။ ဆောင်းနှင်းဖြူ(ပြန်/ဆက်)

ရေးမြို့နယ် မြို့မအားကစားကွင်း၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။ ရှင်းသန့်ဖြူ

ကော့မှူးမြို့နယ် ပျဉ်းကတိုးကျေးရွာ၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။ ကျော်သူရ(ကော့မှူး)

တနိုင်းမြို့နယ် ဟူးကောင်းမြေ ဂေါက်ကလပ်ကွင်း၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။ မနောမြေ(တနိုင်း)

ဖလမ်းမြို့နှင့် ဟားခါးမြို့ရှိ ဒေသခံပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်များ မြို့အသီးသီးသို့ ထပ်မံရောက်ရှိ

နေပြည်တော် ဇွန် ၅

ချင်းပြည်နယ် ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ဖလမ်းမြို့၊ ဟားခါးမြို့နှင့် ဒေသတစ်ဝိုက်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရေးအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ကျောင်းသုံး/ရုံးသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ဒေသခံပြည်သူများအတွက် အခြားကူညီထောက်ပံ့ရေးပစ္စည်းများတင်ဆောင်၍ ကလေးမြို့မှ ထွက်ခွာလာသည့် မော်တော်ယာဉ်များသည် ဖလမ်းမြို့နှင့် ဟားခါးမြို့များသို့ ထပ်မံရောက်ရှိခဲ့ကြောင်း သိရသည်။

ဖလမ်းမြို့၊ ဟားခါးမြို့နှင့်ဒေသတစ်ဝိုက်ရှိ နိုင်ငံခြားနိုင်ငံများနှင့်ဒေသခံတိုင်းရင်းသားပြည်သူများ စားဝတ်နေရေးအဆင့်ပြေစေရေးအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ပစ္စည်းများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့မှ တစ်ဆင့် တပ်မတော်လေယာဉ်ဖြင့် ကလေးမြို့သို့ ပို့ဆောင်ပေးခဲ့ပြီး ဇွန် ၄ ရက်တွင် ကလေးမြို့မှ တစ်ဆင့် ဖလမ်းမြို့နှင့် ဟားခါးမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဌာနဆိုင်ရာဝန်ထမ်းများလိုက်ပါလာပြီး ထောက်ပံ့ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များသည် ဇွန် ၄ ရက် ညဉ့်ပိုင်းတွင် ဖလမ်းမြို့သို့လည်းကောင်း၊ ယနေ့မွန်းလွဲပိုင်းတွင် ဟားခါးမြို့သို့လည်းကောင်း ရောက်ရှိကြရာ မြို့နယ်အသီးသီးရှိ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး ရောက်ရှိလာသည့် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများနှင့် အခြားထောက်ပံ့ပစ္စည်းများကို ဒေသခံတိုင်းရင်းသားပြည်သူများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ တစ်ဆင့် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ကျောင်းသားလူငယ်များ၏ ပညာရေး၊ မြို့ရွာများပြန်လည်ထူထောင်ရေးနှင့် အခြားသော လိုအပ်ချက်များအတွက် အထောက်အကူဖြစ်မည်ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်ကျေးဇူးတင်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသ၏လိုအပ်ချက်အပေါ်မူတည်၍ ထပ်မံဖြည့်ဆည်းပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဖလမ်းမြို့သို့ စားသောက်ကုန်ပစ္စည်းများ ရောက်ရှိမှုကို တွေ့ရစဉ်။

ဟားခါးမြို့သို့ ဌာနဆိုင်ရာတာဝန်ရှိသူများ ရောက်ရှိလာစဉ်။

တီးတိန်မြို့၌ ကျန်းမာရေးအဆင့်မြှင့်ကျောင်း မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

ဟားခါး ဇွန် ၅

ကျန်းမာရေးအဆင့်မြှင့်ကျောင်း မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ချင်းပြည်နယ် တီးတိန်မြို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က အမှာစကားပြောကြားပြီး သင်တန်းတက်ရောက်လာကြသည့် ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းများ၏ တင်ပြချက်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

တီးတိန်မြို့နယ် ကျန်းမာရေးအဆင့်မြှင့်ကျောင်း မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းကို ဇွန် ၅ ရက်မှ ၇ ရက်အထိ သုံးရက်ကြာပို့ချသွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးရုံးမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

ဖလမ်းမြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာကြသော နိုင်ငံဝန်ထမ်းများအား မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆို

ဟားခါး ဇွန် ၅

တပ်မတော်အနေဖြင့် ဖလမ်းမြို့သို့ ၈ပြည့် ၂၅ ရက်တွင် အလုံးစုံပြန်လည်ထိန်းချုပ်ခဲ့ပြီး ဖြစ်သည့်အတွက် ကလေးမြို့၌ ယာယီတိမ်းရှောင်နေသည့် နိုင်ငံဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များသည် ယမန်နေ့က ဖလမ်းမြို့သို့ မော်တော်ယာဉ်များဖြင့် ပြန်လည် ရောက်ရှိလာကြရာ ဖလမ်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက လှိုက်လှဲ ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြသည်။

နယ်မြေဒေသ တည်ငြိမ်အေးချမ်းပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၊ ဌာနဆိုင်ရာရုံး လုပ်ငန်းများနှင့် အုပ်ချုပ်ရေး ယန္တရားများ ပုံမှန်လည်ပတ် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ကလေးမြို့၌ ယာယီတိမ်းရှောင်နေသည့် နိုင်ငံဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များအား မေ ၆ ရက်တွင် ပထမအကြိမ်အဖြစ် မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့ပြီး ဖြစ်သည်။

အလားတူ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် အိမ်ထောင်စု ၆၀၀ အတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပစ္စည်းများနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများဖြစ်သည့် ဘိလပ်မြေ ၁၀ တန်၊ သွပ်တန် ၂၀၊ သွပ်ရိုက်သံ ၁၀ ဖာ၊ ဆန်ရှစ်တန်တို့ကို ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့များသို့ ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မကွေးတိုင်းဒေသကြီး၌ ဥပဒေအရာရှိများအား ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်း

မကွေး ဇွန် ၅

ဥပဒေရေးရာဝန်ကြီးဌာန၏ပြည်သူ့အတွက်ကြိုးပမ်းဆောင်ရွက်မှုလုပ်ငန်းစဉ်တွင် ပါဝင်သည့် ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်းအစီအစဉ်ကို ယနေ့မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး ပါမောက္ခ ဦးလှအောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီးဥပဒေချုပ် ဦးအေးလွင်က နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံသားတိုင်း ဥပဒေ၏အကာအကွယ်ကို တန်းတူညီမျှရရှိစေရေးအတွက် အများပြည်သူယုံကြည်ကိုးစားမှုရှိသော ဥပဒေအရာရှိများဖြစ်စေရန် ဥပဒေအရာရှိ ကျင့်ဝတ်ကို အလေးထားလိုက်နာကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဥပဒေအရာရှိများအား မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိကျင့်ဝတ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေအရာရှိ ဒေါ်လှလှဆွေနှင့်အဖွဲ့က မေးမြန်းဆွေးနွေးပြီး တိုင်း၊ ခရိုင်၊ မြို့နယ် ဥပဒေရုံးများရှိ ဥပဒေအရာရှိ စုစုပေါင်း ၃၅ ဦးတို့အား ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မောင်ခိုင်မင်း (ပြန်/ဆက်)

ကြံခင်းမြို့၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကြံခင်း ဇွန် ၅

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကြံခင်းမြို့နယ် ကဇင်းကြီးကျေးရွာ ဘောလုံးကွင်းအနီး၌ မိုးရာသီ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးကျော်မင်းထက်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းထွန်းက သစ်ပင်စိုက်ပျိုးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများထံ ပျိုးပင်များ ပေးအပ်ပြီး ကျွန်း ၅၀၊ မန်ကျန်ရား ၅၀၊ ယူကလစ် ၅၀၊ မဟော်ဂနီ ၅၀ စုစုပေါင်း ပျိုးပင် ၂၀၀ အား သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ ဖြိုးဝေလင်း(ပြန်/ဆက်)

အုတ်တွင်းမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

အုတ်တွင်း ဇွန် ၅

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာနက မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီ(အကြို) သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃ ရက်တွင် ရန်ကုန်-မန္တလေး အမြန်လမ်းအနီး ဗောဓိကုန်း-ချင်းကုန်း ကုန်ထုတ်လမ်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအဏ္ဏာဝါအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးလွင်သူနှင့်ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အိအိထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ အထက ဗောဓိကုန်းမှ ဆရာဆရာမနှင့် ကျောင်းသူ ကျောင်းသားများ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၅၀၀ တို့က ၎စပ်၊ ပိတောက်၊ ခရေ စုစုပေါင်း ပျိုးပင် ၁၀၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။ ခင်ခင်မာ(ပြန်/ဆက်)

ရွာငံမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုး

ရွာငံ ဇွန် ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် သစ်တောဦးစီးဌာနက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်နံနက်ပိုင်းက ကျောက္ကူပြင်ကျေးရွာအနီး၌ ဆောင်ရွက်သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက ခါတော်မိပျိုးပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

ပဲခူးမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

ပဲခူး ဇွန် ၅

၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ နှင့် တိုင်းဒေသကြီးဝန်ကြီးများက သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ဆရာကျောင်းများ၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ကျေးရွာနှင့် စက်ရုံ/အလုပ်ရုံများ အစရှိသော မြို့ပြ၊ အား ဆုများပေးအပ်ကြပြီး အထိမ်း အမှတ်ပြခန်းကို ကြည့်ရှုကြ ကြောင်း သိရသည်။ တိုင်းဒေသကြီး(ပြန်/ဆက်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား တက်ရောက်

တောင်ကြီး ဇွန် ၅

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် Video Clip နှင့် အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း အထက်တန်းအဆင့်တွင် တတိယဆုရရှိသည့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မယ်ဟုတ် တာချီလိတ်မြို့၏ VideoClip ကို ကြည့်ရှုအားပေးသည်။

ယင်နောက် အမျိုးသားအဆင့်ပတ်ဝန်းကျင်စိမ်ခန့်ခွဲမှုကောင်းမွန်သော ကျေးရွာဆု၊ အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း အထက်တန်းအဆင့်တတိယဆု၊ မူလတန်းအဆင့် ဒုတိယဆုရရှိသည့်ကျောင်းများ၊ ပြည်နယ်အဆင့်တွင် ပတ်ဝန်းကျင်စိမ်ခန့်ခွဲမှု ကောင်းမွန်သော မြို့ဆုနှင့် စက်ရုံဆုရရှိသူများ၊ ပြည်နယ်အဆင့် သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်း အထက်တန်းအဆင့် ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသည့်ကျောင်းများ အလယ်တန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသည့်ကျောင်းများ အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ကျောက်စိမ်းနှိုးကားချပ်ကို ချီးမြှင့်ပေးကြပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသော အသိပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ မောင်မောင်သန်း(တောင်ကြီး)

အင်္ဂပူမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

အင်္ဂပူ ဇွန် ၅

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ကျောင်းကွင်းကျေးရွာအုပ်စု ဖားအောက် တောရဝင်းအတွင်း ယနေ့ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်တာဝန်ရှိများက ပျိုးပင်များကို တက်ရောက်လာသူများထံ ပေးအပ်ပြီး မြို့နယ်တာဝန်ရှိသူများ၊ သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးဇော်ဇော်ဦးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန္တာဌေးနှင့် အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ စုပေါင်း၍ ကျွန်းပင် ၁၅၀၊ ပျဉ်းကတိုးပင် ၁၀၀၊ မန်ကျန်ရှားပင် ၃၀၀၊ ကံ့ကော်ပင် ၁၅၀၊ မဟော်ဂနီပင် ၁၅၀၊ ခရေပင် ၁၅၀၊ ယူကလစ်ပင် ၂၅၀ စုစုပေါင်းပျိုးပင် ၁၂၅၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ မန်းကျော်(ပြန်/ဆက်)

ပေါင်မြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပေါင် ဇွန် ၅

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က အထက(နတ်ကြီးချောင်း) ကျောင်းဝင်း၌ ပြုလုပ်သည်။

ဦးစွာ ပေါင်မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီးဦးဇော်လွင်ဦးက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာသူများထံ ပျိုးပင်များပေးအပ်၍ စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့သည်။

အဆိုပါ စိုက်ပျိုးပွဲတွင် ကျွန်းပင် ၅၀၊ ပျဉ်းကတိုးပင် ၅၀၊ မန်ကျန်ရှားပင် ၈၀၊ မဟော်ဂနီပင် ၅၀၊ စိန်ပန်းကြီးပင် ၅၀၊ ပန်းပိတောက်ပင် ၅၀၊ ခရေပင် ၅၀၊ ကံ့ကော်ပင် ၁၀၀၊ ပျဉ်းမပင် ၁၀၀၊ ပင်လယ်ကမွဲပင် ၁၀၀ စုစုပေါင်းပျိုးပင် ၆၈၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ မွန်မလေး (ပြန်/ဆက်)

ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး

နေပြည်တော် ဇွန် ၅

အွန်လိုင်း လိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်း မပြုနိုင်စေရေးအတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးကို ထပ်မံ၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ တို့ကို အဆောက်အအုံအမျိုးအစား အလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံး အနက် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးကို ယာဉ်ယန္တရားများအသုံးပြု၍ စနစ်တကျထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၃၆ လုံး အား စနစ်တကျဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖျက်ဆီးရန် ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၄၁ လုံး ကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီး သွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်း လောင်းကစား လုပ်ငန်း လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့် လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

ကရင်ပြည်နယ်မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသ၌ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

❖ သီလဝါမှ

ထုတ်ယူဖြန့်ဖြူးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သီလဝါမှ စက်သုံးဆီများ တင်ဆောင်ထွက်ခွာလာသည့် ဆီတင်ယာဉ်များအား သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ/မရှိ သက်ဆိုင်ရာဌာနများဖြင့် ပူးပေါင်းစစ်ဆေးဆောင်ရွက်လျက်ရှိသည့် ထွန်ခေါင်စစ်ဆေးရေးဂိတ်သို့ရောက်ရှိပြီး ဆီတင်ယာဉ်များအား စစ်ဆေးဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အတွင်း စက်သုံးဆီတင်သွင်းသုံလှော်ထားမှုအနေဖြင့် ဓာတ်ဆီအုပ်စုတွင် ရက် ၄၀၊ ဒီဇယ်အုပ်စုတွင် ၅၄ ရက်အတွက် သိုလှောင်ထားရှိပြီး သီလဝါတွင် ဆီချရန် ရောက်ရှိနေသည့် ဆီတင်သင်္ဘော သုံးစင်း၊ လမ်းခရီးတွင်ရောက်ရှိနေသည့် ဆီတင်သင်္ဘော တစ်စင်း၊ တစ်ဖက်နိုင်ငံဆိပ်ကမ်းတွင် ဆီတင်နေသည့်သင်္ဘော တစ်စင်းနှင့် ဆီတင်ရန် စောင့်ဆိုင်းနေသည့် ဆီတင်သင်္ဘော ငါးစင်း စုစုပေါင်း ဆီတင်သင်္ဘော ၁၀ စင်းရှိပြီး အစီအမံအတိုင်း စက်သုံးဆီတင်သင်္ဘောများ ပုံမှန်ဝင်ရောက်လျက်ရှိသဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီများကို လုံလောက်စွာသုံးစွဲနိုင်ရေးအတွက် အစဉ်တစိုက်စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ် တန် ၄၀၀ ကျော် သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရာဇဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက်မှ ၃၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၂၉ ဒသမ ၄၆၆၁ တန်၊ သစ်မာ ၄၂ ဒသမ ၉၃၅၈ တန်၊ အခြားသစ် ၃၃၆ ဒသမ ၇၅၂၈ တန် စုစုပေါင်း ၄၀၉ ဒသမ ၁၅၄၇ တန်၊ ယာဉ်/ယန္တရား ကိုးစီးနှင့် တရားခံ ၂၅ ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မူဆယ်မြို့၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းဆင်းပွဲ ကျင်းပ

မူဆယ် ဇွန် ၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲကို မီးသတ်ဦးစီးဌာန ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မူဆယ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ခရိုင်စီမံကိန်းဦးစီးမှူး ဦးကျော်မင်းသိန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ယင်းနောက် သင်တန်းသားများနှင့် အိမ်တွင်းမှူးသင်တန်းကျောင်းမှ သင်တန်းသူများက လက်တွေ့ငြိမ်းသတ်ခြင်းများ ပြသဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် သင်တန်းသားများအား မီးငြိမ်းသတ်ရာတွင် အသုံးပြုသည့် အထောက်အကူပြုပစ္စည်းများ၏လုပ်ဆောင်ချက်များကို တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၆-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ဝဲခူး	မကွေး	ထားဝယ်	စဉ့်ကူ	ပုသိမ်	မြစ်ကြီးနာ	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	ဖွယ်ရိုကော်	ဟားခါး
92 Ron	၄၃၅၅	၄၅၁၅	၄၄၆၀	၄၄၆၀	၄၅၂၀	၄၅၂၀	၄၅၂၅	၄၄၃၅	၄၅၂၅	၄၈၀၀	၄၄၆၀	၄၅၅၀	၄၅၅၅	၄၅၁၀	၄၅၁၅	၄၅၀၀
95 Ron	၄၄၈၅	၄၅၆၀	၄၅၀၅	၄၅၀၅	၄၅၆၀	၄၅၇၅	၄၆၁၀	၄၅၀၀	၄၆၁၀	၄၆၁၀	၄၆၀၀	၄၅၈၀	၄၆၀၀	၄၆၀၀	၄၅၅၅	၄၅၆၀
HSD (500 ppm)	၄၂၂၀	၄၃၀၀	၄၃၃၀	၄၂၈၅	၄၃၀၅	၄၃၀၅	၄၃၀၅	၄၃၀၅	-	၄၃၂၀	၄၃၂၅	၄၃၂၀	၄၄၂၀	၄၃၀၅	၄၃၀၅	၄၃၀၅
HSD (50 ppm)	၅၁၀၅	၅၂၉၀	၅၂၀၅	၅၁၀၀	၅၂၉၀	၅၂၉၅	၅၂၉၅	၅၂၀၀	၅၂၀၅	၅၃၆၅	၅၂၀၀	၅၂၈၅	၅၂၂၅	၅၂၀၀	၅၂၉၀	၅၂၉၀
HSD (10 ppm)	၅၁၀၅	၅၂၉၀	၅၂၀၅	၅၁၀၀	၅၂၉၀	၅၂၉၅	၅၂၀၀			၅၃၆၅	၅၂၀၀	၅၂၈၅	၅၂၂၅	၅၂၀၀	၅၂၉၀	၅၂၉၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၁၀၃၉	၄၂၂၅၅
95 Ron	၄၁၆၆၀	၄၂၂၇၇
HSD (500 ppm)	၄၀၁၀၀	၄၁၂၂၀
HSD (50 ppm)	၄၀၆၆၇	၄၀၉၉၄
HSD (10 ppm)	၄၀၆၆၇	၄၀၉၉၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၇၇

၀၆၇-၄၁၁၂၅၂၊ ၀၉-၆၈၀၅၅၉၉၈၈

စက်သုံးဆီတင်သွင်းသုံလှော်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

စစ်ကိုင်းမြို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးမှူးရုံးတွင် နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်ပေးနေစဉ် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ချိန်ကိုက်ဗုံးဖြင့်ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ရုံးဝန်ထမ်းများနှင့် အပြစ်မဲ့ဒေသခံပြည်သူ ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၅

NUG၊ CRPH အကြမ်းဖက်အဖွဲ့များ၏ သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်၍ ဒေသဖွံ့ဖြိုးရေးအတွက် ပိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်လျက်ရှိသော ဒေသခံပြည်သူများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့်၊ ဝိုလ်ကျ၊ ဖမ်းဆီးနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို တရားဥပဒေမဲ့ ကျူးလွန်လျက်ရှိသည့် အပြင် ဌာနဆိုင်ရာအဆောက်အအုံများ၊ ပြည်သူပိုင် နေအိမ်များ၊ လမ်း၊ တံတားများကို Drop Bomb ချတိုက်ခိုက်ခြင်း၊ လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများအသုံးပြု၍ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ပြုလုပ်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ လူဝင်မှုကြီးကြပ်ရေးမှူးရုံးတွင် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ချိန်ကိုက်ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့မှု ဖြစ်စဉ်ပြပုံ။

ထိုသို့ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းများကို လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ မြို့နယ်လူဝင်မှုကြီးကြပ်ရေးမှူးရုံးတွင် နိုင်ငံတော်အစိုးရ၏ လမင်းစီမံချက်ဖြင့် အသက်(၁၈)နှစ်ပြည့် ပြီးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသည့် နိုင်ငံသားများ၊ အသက်(၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် Unique ID ကောက်ယူခြင်း လုပ်ငန်းကို အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာတွင် အကြမ်းဖက်သောင်းကျန်းသူများက ယုတ်မာရိုင်းစိုင်းစွာ လက်လုပ်ချိန်ကိုက်ဗုံးဖြင့် မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခဲ့ကြောင်း၊ ချိန်ကိုက်ဗုံးပေါက်ကွဲမှုကြောင့် ရုံးဝင်းအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ရုံးဝန်ထမ်းခြောက်ဦးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လာရောက်လုပ်ဆောင်သည့် အပြစ်မဲ့အရပ်သားပြည်သူ ၁၃ ဦး စုစုပေါင်း ၁၉ ဦးတို့တွင် ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ပြီး ရုံးခန်းများနှင့် ရုံးသုံးစာရွက်စာတမ်းများ ထိခိုက်ပျက်စီးခဲ့ကြောင်းသိရသည်။ ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများ ထိခိုက်သေကျေပျက်စီးစေလိုသည့် ယုတ်မာသောရည်ရွယ်ချက်ဖြင့် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိဘဲ အေးချမ်းစွာနေထိုင်လျက်ရှိသည့် ပြည်သူများအပေါ် အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်လုပ်ဆောင်ခဲ့ကြသည့်အတွက် ပြည်သူလူထုက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ကြသည့် အကြမ်းဖက်သောင်းကျန်းသူများအား အမြန်ဆုံးဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး တာဝန်သိဒေသခံပြည်သူများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

စစ်ကိုင်းမြို့ လူဝင်မှုကြီးကြပ်ရေးမှူးရုံးတွင် PDF အမည်ခံအကြမ်းဖက်သမားများ၏ ချိန်ကိုက်ဗုံးဖောက်ခွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို တွေ့မြင်ရစဉ်။

ကျိုက်မရော အထက၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ကွင်းဆင်းဆောင်ရွက်

ကျိုက်မရော ဇွန် ၅

ကျိုက်မရောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိဦးသန့်ဇင်နှင့် တာဝန်ရှိသူများက UID ကတ်ထုတ်ပေးခြင်းနှင့် အသက်(၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်းကို ယနေ့ နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း (ကျိုက်မရော) ပညာအားမာန်ခန်းမ၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၈ တို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

လွိုင်လင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

လွိုင်လင် ဇွန် ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းတွင် ဇွန် ၅ ရက်က နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်အား မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ဝင်း ဦးဆောင်ကာ ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆောင်ရွက်ပေးနေမှုကို ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဥမ္မာအောင်နှင့် တာဝန်ရှိသူတို့က ကြည့်ရှုအားပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ကျောင်းသား ကျောင်းသူများလက်ဝယ်သို့ နေ့ချင်းပြီးပေးအပ်ခဲ့ကြောင်း သိရသည်။

အယ်မင်း(လွိုင်လင်)

သံဖြူဇရပ်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်း ဆောင်ရွက်



သံဖြူဇရပ် ဇွန် ၅

မူနဲ့ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ နိုင်ငံသားကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို ဇွန် ၅ ရက် နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အသက်(၁၀)နှစ်နှင့်အထက် ကျောင်းသားကျောင်းသူများအား နိုင်ငံသားကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဒုတိယလဝကမှူး ဦးကျော်ရိန်းမောင်နှင့်ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်း

ရန်ကုန် ဇွန် ၅

ဥပဒေရေးရာဝန်ကြီးဌာန၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှု လုပ်ငန်းစဉ်တွင် ပါဝင်သည့် ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်းကို ဇွန် ၃ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ကျင်းပရာ တိုင်းဒေသကြီးဥပဒေချုပ် ဒေါ်ဖြူမာဝေ တက်ရောက်ပြီး ဥပဒေအရာရှိများအနေဖြင့် ဥပဒေအရာရှိကျင့်ဝတ်များကို ကောင်းစွာသိရှိလိုက်နာခြင်းဖြင့် တရားဥပဒေစိုးမိုးရေးတွင် ပြည်သူတို့၏ ယုံကြည်အားကိုးမှုကို ဖော်ဆောင်ကြရန် မှာကြားသည်။

ဆက်လက်၍ ဥပဒေရေးရာဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ဥပဒေအရာရှိကျင့်ဝတ် ကြီးကြပ်ရေးအဖွဲ့ဝင်များက တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိများနှင့် ခရိုင်ဥပဒေအရာရှိများအား ကျင့်ဝတ်ဆိုင်ရာ ဥပဒေပညာရပ်များကို မေးမြန်းဆွေးနွေးမှုများ ပြုလုပ်သည်။

ထိုသို့ ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းမှုကို ဇွန် ၈ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်သန်းဦး

ဈေးကွက်အတွင်း ငွေနှင်းမှို ရောင်းအားကောင်းလျက်ရှိ

ရန်ကုန် ဇွန် ၅

ရန်ကုန်မြို့ရှိ မြေပိုလျှံသော စည်ပင်သာယာ ဈေးများတွင် မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်များ၊ စိုက်ပျိုးမှုများကို စိုက်ပျိုးထုတ်လုပ် ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ဃဈေး စည်ပင်သာယာရေးအဖွဲ့က စိုက်ပျိုးမှုမျိုးစိတ် ငွေနှင်းမှုများကို စမ်းသပ်စိုက်ပျိုးထုတ်လုပ်၍ ရောင်းချရာ စားသုံးသူပြည်သူများ ဝယ်ယူမှုများပြီး ရောင်းအား ကောင်းလျက်ရှိသည်။

"ငွေနှင်းမှိုကို ဃဈေးမှာ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေတာပါ။ လူကြိုက်များပြီး ရောင်းအား ကောင်းတယ်။ ကိုယ်တိုင် စိုက်ပျိုးရင် ဈေးသက်သာသာနဲ့ စားသုံးနိုင်မယ်။ ရာသီမရွေး စိုက်ပျိုးနိုင်တာကြောင့် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်တဲ့ စားဖိုဆောင် သီးနှံတစ်ခု ဖြစ်ပါတယ်။ အာဟာရဓာတ် ပါဝင်မှုလည်းများတယ်။ ဒါကြောင့် ကျွန်တော်တို့ကတော့ အထွက်နှုန်းကောင်းအောင် စနစ်တကျ ဆောင်ရွက်နေပါတယ်။ ဈေးဝန်ထမ်းတွေ စားသုံးနိုင်တဲ့အပြင် ပြည်သူတွေလည်း ရာသီမရွေး စားသုံးနိုင်တဲ့အတွက် စိုက်ပျိုးထုတ်လုပ် ရောင်းချတာ ဖြစ်ပါတယ်"ဟု မရမ်းကုန်းခရိုင် ဈေးများနှင့် ကုန်စည်ပွဲရုံများဌာနမှ ခရိုင်မှူး ဦးနေလင်းက ပြောသည်။

ငွေနှင်းမှို၊ ကောက်ရိုးမှို၊ လင်ဇီးမှို စသည့် စိုက်ပျိုးမှိုများတွင် စားသုံးသူများကို အကျိုးပြုသည့် ပရိတင်း ဓာတ်၊ အမျှင်ဓာတ်၊ ဗီတာမင်များနှင့် သတ္တုဓာတ်များ ကြွယ်ဝစွာ ပါဝင်ပြီး စိုက်ပျိုးမှိုများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ကာ လိုအပ်သော အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်၊ အလင်းရောင် အနည်းငယ်ရှိသော မည်သည့်နေရာမဆို စိုက်ပျိုးနိုင်သည့်အတွက် မှိုကို ဝင်ငွေတိုး သီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ် ရောင်းချလာကြကြောင်း သိရသည်။

သစ္စာ(mna)၊ ဓာတ်ပုံ - ခွဲမာန်

ဥတ္တရသီရိမြို့နယ်၌ တောင်သူနည်းပညာပေးဆွေးနွေး

နေပြည်တော် ဇွန် ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မင်းကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်သည်။

ဆွေးနွေးပွဲတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးထိန်လင်းဟန်နှင့် မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်တို့က တောင်သူများအား မိုးစပါး၊ မိုးသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သီးနှံအထွက်နှုန်းမထိခိုက်စေဘဲ ဓာတ်မြေဩဇာ လျော့ချသုံးစွဲနည်းများ၊ တောင်သူများကိုယ်တိုင် သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းများကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ အောင်မျိုးဝင်း(ပြန်/ဆက်)

၃၃ ကေဗွီ ကျိုင်းတုံ-မိုင်းခုတ် ဓာတ်အားလိုင်း ဓာတ်အားပိတ် လုပ်ငန်းဆောင်ရွက်မည်

နေပြည်တော် ဇွန် ၅

၆၆ ကေဗွီ ကျိုင်းတုံ - မိုင်းခုတ် ဓာတ်အားလိုင်းသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ခရိုင်၊ မြို့နဧရိယာများတွင် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် အရေးပါသည့် ဓာတ်အားလိုင်းဖြစ်ပြီး ကျိုင်းတုံမြို့နယ် မိုင်းလုကျေးရွာအနီး တာဝါတိုင်အမှတ်(၁၃၀၊ ၁၁၂၊ ၁၈၆၊ ၁၇၁၊ ၁၅၅) စုစုပေါင်း ငါးတိုင်တွင် ကြေသီးများကွဲနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါ ကြေသီးကွဲများကို ကြေသီးတွဲအသစ် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ကြေသီးတွဲအသစ် လဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ဓာတ်အားပြတ်တောက်မှုလျော့နည်းပြီး ဓာတ်အားပို့လွှတ်သည့် ခွဲရုံသုံးစက်ပစ္စည်းများ ထိခိုက်ပျက်စီးမှုကို ကာကွယ်နိုင်မည်ဖြစ်သည့်အတွက် ကြေသီးတွဲအသစ် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို ၂၀၂၆ ခုနှစ် ဇွန် ၇ ရက်(တနင်္ဂနွေ)တွင် ဓာတ်အားပိတ်၍လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း မိုင်းခုတ်မြို့နှင့် မိုင်းဆတ်မြို့တို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ် ဧရိယာများရှိ အများပြည်သူများကို ကြိုတင်အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

ဓာတ်အားလိုင်း ပြောင်းလဲချိတ်ဆက်မည်ဖြစ်၍ ပျဉ်းမနားမြို့ပေါ် ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများ၊ ဒကွိဏသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်များ၊ ဟိုတယ်ဇုန်၊ NGO အဖွဲ့အစည်းများနှင့် စည်ပင်ရေသန့်စက်ရုံ နှစ်ရုံ ဓာတ်အား ယာယီပြတ်တောက်မည်

နေပြည်တော် ဇွန် ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ၃၃ ကေဗွီ ပျဉ်းမနား ဓာတ်အားလိုင်းပေါ်မှ ဓာတ်အားရယူထားသော ၃၃ ကေဗွီ တောင်သာဓာတ်အားခွဲရုံကို ၃၃ ကေဗွီ ဖွဲ့ဖြိုးရေး - ၂ ဓာတ်အားလိုင်းပေါ်သို့ ပြောင်းလဲချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဇွန် ၇ ရက်တွင် ၃၃ ကေဗွီ ပျဉ်းမနားဓာတ်အားလိုင်းနှင့် ၃၃ ကေဗွီ ဖွဲ့ဖြိုးရေး-၂ ဓာတ်အားလိုင်းတို့ကို နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဓာတ်အားပိတ်၍ ပြောင်းလဲချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည့်အတွက် ပျဉ်းမနားမြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများ၊ ဒကွိဏသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်များ၊ ဟိုတယ်ဇုန်၊ NGO အဖွဲ့အစည်းများနှင့် စည်ပင်ရေသန့်စက်ရုံ နှစ်ရုံတို့ ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ အစိုးရရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင် အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

၃၃ ကေဗွီ တပ်ကုန်း ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများဆောင်ရွက်ရန် ၂၀၂၆ ခုနှစ် ဇွန် ၇ ရက်တွင် ၃၃ ကေဗွီ တပ်ကုန်းဓာတ်အားလိုင်းကို နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဓာတ်အားပိတ်၍ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် တပ်ကုန်းမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအား ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ အစိုးရရုံးဌာနများနှင့် အများပြည်သူဆိုင်ရာ နေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

❍ ပူတာအိမ့

လိုအပ်သော ဆေးဝါးနှင့် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များ၊ မော်တာယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင်လည်း ပူတာအိမြို့သို့ ပို့ဆောင်ရန် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်ထားသော ပညာရေးကဏ္ဍ မြှင့်တင်ရန်အတွက် ကျောင်းသုံးစာအုပ်များ၊ ပညာသင်ထောက်ပံ့ပစ္စည်းများနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆေးနှင့် ဆေးဝါးပစ္စည်းများကို တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက တပ်မတော်လေယာဉ်ပေါ်သို့ သယ်ယူပို့ဆောင်ပေးနေမှုများကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဌာနဆိုင်ရာလုပ်ငန်းသုံးပစ္စည်းများကို တပ်မတော်လေယာဉ်ဖြင့် မြစ်ကြီးနားမှ ပူတာအိသို့ နှစ်ကြိမ် ပို့ဆောင်ပေးခဲ့ပြီး ပူတာအိမြို့သို့ ရောက်ရှိလာသော ယင်းပစ္စည်းများအား တာဝန်ရှိသူများက လက်ခံရယူ၍ သက်ဆိုင်ရာဌာနများသို့ ဆက်လက်ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ပေါင်းစပ်၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ ကွမ်းခြံကုန်းမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးထွန်းထွန်းဝင်းက အခွန်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် အခွန်ထမ်းပြည်သူများ သိရှိလိုသည်များကို အသိပညာပေးရှင်းလင်းဆွေးနွေးစဉ်။

ကိုပိုင်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ မြေကွက်အမှတ်-၃၄၇/ခ၊ ဧရိယာ(၀.၀၂၇၃)ဧက၊ မြေအမျိုးအစား- နစ် (၆၀) မြေပြားဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်-၃၄၇/ခ၊ ၈၆ကျော်သည့်အိုးခြံသစ်များ ရှိသည်ကို ကန့်ကွက်အပြီး၊ အဆိုပါ မြေဧရိယာ(၀.၀၂၇၃)ဧကရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပိုင်ဆိုင်သည် မြို့မြေခရင်းတွင် (၁) ဒေါ်ခိုင်ဇော်မင်း၊ (၂/၁၀၆(နိုင်)၀၁၁၁၄၂)၊ (၂) ဦးဝင်းလတ်ခိုင် (၁၂/၁၀၆(နိုင်) ၀၁၁၁၂၅)၊ (၃) ဒေါ်မော်မော်အိ (၁၂/၁၀၆ (နိုင်) ၀၁၁၁၄၄) တို့အမည်ပေါက်လျက်ရှိပြီး၊ ၎င်းတို့ထံမှ (၁၆-၅-၂၀၂၅) ရက်စွဲပါ "နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးပြည့်စိုးထွန်း (၁၂/၁၀၆(နိုင်) ၀၁၁၀၀၆)က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်နှင့်တစိတ်တစေသာ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထား ဓာတ်ပုံများနှင့်တကွ လူကိုယ်တိုင်ကွျန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ပါသည်၊ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွဲအပ်ညွှန်ကြားချက်အရ –
ဦးကျော်မင်းနိုင်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၃)
အမှတ် (၃၃/၄၉)၊ Strand Condo, အခန်းအမှတ်-၄၀၂ (၄-လွှာ)၊
မဟာဗန္ဓုလပန်းဒံလမ်း၊ (၂) ရပ်ကွက်၊ ကျောက်တံတားဖြို့နယ်၊ ရန်ကုန်ဖြို့။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ အမှတ်(၆၁)ရပ်ကွက်၊ ရတနာနာဇီးဆိပ်မံရာ၊ တိုက်(5B) အခန်း(0207)၏ အမည်ပေါက် ဦးသိန်းဇော်ထွန်း [၈/တတက(နိုင်)၁၁၉၄၉၇] ထံမှ ဦးတင်ဝင်း [၁၂/ရကန(နိုင်)၀၄၄၀၃၁]က စာချုပ်စာတမ်းဖြင့်ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာ(၂)၊ မြို့ပြန့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊
နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အများသိစေရန်ကြေညာချက်

၁၇ပြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ရာဇမိဏ္ဍိုင်လမ်းနှင့် ကြာညီလမ်းထောင့်၊ အမှတ်(၃၃)ရှိ ရွှေမအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက်ပိုင် အသင်းဆိုင်အဆောက်အဦအား ဖျက်သိမ်းရဲ့ (၂)ထပ် Steel (Hip Roof) (လက်မောင်ဆိုင်) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် ရွှေမအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမလိမိတက်၏ သမဝါယမမန့်ကားလက်မှဲ့ဦးရေးဝန်ကြီးဌာန၊ သမဝါယမမီးဘီးဌာန၊ သမဝါယမအသင်း မှတ်ပုံတင်လက်မှတ်နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးမှတ်တမ်းများ ပူးတွဲတင်ပြ၍ တိုင်းဒေသကြီးဦးစီးများ၊ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ မြေပိုင်ဆိုင်မှုအတွက် ရွှေမအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမလိမိတက် အမည်ပေါက် မြေပိုင်ဆိုင်မှုအဆောက်အဦး တင်ပြမှုနှင့်ပြောင်းရွှေ့ခဲ့ အသင်းဆိုင် အဆောက်အဦ ဖောင်းအား ဖျက်သိမ်းရန် အဆောက်အဦအသစ် ဆောက်လုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အဦ)
ရန်ကုန်ဖြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ အိုးဘိုအရှေ့ရပ်ကွက်၊ သီတာအေးလမ်းရှိ ကွင်းအမှတ်-၇၉၊ ကွင်းအမည် - အိုးဘိုကွင်း၊ ဦးပိုင်အမှတ် - ၇၃/၁၂ ဦးပိုင်းမေပင် အမည်ပေါက် ဧရိယာ (၀.၄၇)ဧကရှိ အိမ်ခြံမြေကြွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သစ်သားအုတ်ညှပ် တိုက်အိမ် (၁)လုံးကို ဦးတင်အောင်ငြိမ်း [၁၂/တတန (နိုင်) ၁၇၆၃၇၇] ကိုင်ဆောင်သူ နှင့် ဒေါ်တင်ရွှေ (၁၁) ဦးချစ်ဝင်း [၁၂/တတန (နိုင်) ၀၁၈၂၆၀] ကိုင်ဆောင်သူတို့မှ ကျွန်ုပ်ဝယ်ယူရန် ကမ်းလှမ်းရာ ကျွန်ုပ်ဝယ်ယူရန် သဘောတူညီသဖြင့် ပြီးဖြစ်ပါသည်။ ထိုသို့ဝယ်ယူရာတွင် ကန့်ကွက်လိုသူများရှိပါက ဤသတင်းကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား များနှင့်တကွ ကျွန်ုပ်ထံသို့ သာဝကကန့်ကွက်နိုင်ပါကြောင်း နှင့် သာဝကကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခေလော်စော်(သို့)အဝ်ညွှန်ကြားချက်အရ
ဦးကျော်သက်မောင် (LL.B)
အထက်တန်းရှေ့နေ (စဉ် - ၃၀၁၉၉)
ညောင်တံခါးကျေးရွာ၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၁၁၆၂၄၀၉

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅)ရပ်ကွက်၊ ၎၀လမ်း၊ အမှတ် (၅၃)၊ (၄၀၀ x ၆၀၀) ဧရိယာအကျယ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြဖြစ်စမခန့်ခွဲမှုဥနန့် မြေချပ်မစံတို့တွင် ဦးအောင်ငြိမ်း [၁၂/အရန(နိုင်)၀၂၈၅၂၀] အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်၏ တရားဝင်မရှိခံစားရသော်သည့် အမှတ်(၇၄)နှင့် ကပ်လျက် (၂၀x၀၆၀၀၀) ကို ပါမစ်အမည်ပေါက်ထံမှ အရောင်းအဝယ်အရပ်ကတိ ဆက်စပ်စာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သန္တာဖြိုး [၁၂/ဒဂဝ(နိုင်)၀၅၃၃၀] သည် အဆိုပါ မြေကွက်ကို မိမိမှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အမှတ်အရောင်းအဝယ်တစ်ခုတစ်ရာမရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာရည် [၁၂/စခန(နိုင်)၀၄၃၇၂၅] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်နှင့်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချမှုကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား တရားဝင်စာချုပ်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ သာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ယဉ်နွယ်ဝေ (LL.B,D,B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၂၇၄)
အမှတ်-(၉၃/ခ)၊ ခရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာဖြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၆၃၆၄၄၅၅၁၇

ဖခင်အမည်မှန်

နောင်ချိုဖြို့နယ်၊ အထက ကံကြီး ကျော်ငး Grade-10မှ မောင်မင်းသန့် ဇင်၏ ဖခင် အမည်မှန်မှာ ဦးယဉ်ထွေး [၁၃/ နနတ (နိုင်) ၀၀၀၀၅၃] ဖြစ်ပါကြောင်း။

ဦးယဉ်ထွေး

ဖခင်အမည်မှန်

နောင်ချိုဖြို့နယ်၊ အထက ကံကြီး Grade-11မှ မဆုံမြတ်ဝေ၏ ဖခင် အမည်မှန်မှာ ဦးအောင်နိုင်ထွန်း [၁၃/ နနတ (နိုင်) ၀၆၂၈၇၅] ဖြစ်ပါကြောင်း။

ဦးအောင်နိုင်ထွန်း

ဖခင်အမည်မှန်

နောင်ချိုဖြို့နယ်၊ အထက ကံကြီး Grade-8 မှ မမေဇင်ဦး၏ ဖခင် အမည်မှန်မှာ ဦးလွမ်းမိုး [၁၃/နနတ(နိုင်) ၀၈၈၈၉၇] ဖြစ်ပါကြောင်း။

ဦးလွမ်းမိုး

ပျောက်ဆုံးကြောင်း

(၁၈) ဦးတင်ဝင်း၏ သားထွန်းထွန်းဝင်း [၁၂/ကတန(နိုင်) ၀၇၇၀၄၇]၏ ပဲ့ခဲ့းလက်မှတ်-၀၃၀၇ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-09-400400220

ပြင်ဆင်ဖတ်ရှုပါရန်

၁-၅-၂၀၂၆ရက်နေ့တေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ (၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁၅)ခေါ်သင်းသင်းဟောစာ၏အမည်ပြောင်းတွင်မှတ်ပုံတင်အမှတ်(၈/မထန(နိုင်)၀၀၀၉၀၄)ဟုအမှန်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာဖြို့နယ်၊ ကျောင်းကုန်း(နှ/ပ)ရပ်ကွက်၊ ခေါနလမ်းနှင့် စီဝေါလမ်းထောင့် မြေတိုင်းရပ်ကွက်အမှတ် (၇၄/တိုးချဲ့)၊ မြေကွက်အမှတ် (၅၈)၊ ဦးစိန်လွိင် အမည်ပေါက် မြေချပ်မစံ(မူရင်း)၊ မြေဧရိယာနှင့် အလျား၊ အနံ (၄၀) ပေးအနံ(၆၀)ပေရှိသော်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပိုင်ဆိုင်သားလုံး ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးကျော်ဆောင် [၁၂/မဂန(နိုင်) ၀၉၉၉၀၃၉] ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးလေးနိုင် [၉/ပခက(နိုင်) ၁၉၄၄၄၉] **စရန်ငွေပေးသူ ဦးကျော်ဆန်းလွင် (ခရ/ရစက(နိုင်)၀၃၄၄၂၂)**က အပြီးအပိုင် ဝယ်ယူရန်အတွက် (စရန်ငွေ) တစ်စိတ်တစေသာ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက် အထားများရုံးချုပ်တွင် တက္ကသိုလ်အစုအဝေးကောင်စီ ရုံးခန်းသို့ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွဲအပ်ညွှန်ကြားသူ
ဦးဝေးနိုင်
(စ/ပခက(နိုင်)၁၉၄၄၄၉)

လွဲအပ်ညွှန်ကြားချက်အရ–
ဒေါ်သိမ်းသိမ်းထွေး (LL.B, DBL)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၃၇၅)
စဝ်းရောင်းဝေးကျေးရွာ၊ လှော်ကားအုပ်စု၊
ရွှေပြည်သာဖြို့နယ်။ ၀၉-၇၉၃၉၆၇၂၈၄

"ရန်ကုန်ဖြို့၊ လှိုင်ဖြို့နယ်၊ (၁၃) ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ ပြည့်စုံစွမ်းသာကွန်ဒို၏ အမှတ်(၃၂)ဟုခေါ်တွင်သော အခန်းအမှတ်(M-1)၁-လွှာ၊ အကျယ်အဝန်း(၁၅၀၀-Sqft)ရှိ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာချက်"

အထက်ဖော်ပြပါလိပ်စာရှိ ကွန်ဒိုတိုက်ခန်းသည် ဒေါ်သက်စုစံ[၁၂/လမန(နိုင်)၀၆၉၉၀၆] မှ အကျိုးခံစားခွင့်ရှင်ဖြင့် တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ၁။ ဦးရဲလင်းအောင်[၁၂/တတန(နိုင်)၁၁၃၃၂၅] ။ ဒေါ်အိစင်ဖြိုး [၈/စလန(နိုင်)၁၆၃၄၂၆] တို့မှ ဘဏ်ချိတ်စနစ်ဖြင့် ဝယ်ယူရန်အတွက် စရန်နှင့် တစ်စိတ်တစေသော်ငြားလည်း ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများ ရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း (မူရင်း)များ နှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း သာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း သာရောက်ကန့်ကွက်မှုမရှိပါက ဤအရောင်း အဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးရဲလင်းအောင်နှင့် ဒေါ်အိစင်ဖြိုးတို့၏ လွဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်ပါပါလွင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၈၉)
အမှတ်(၄၀)၊ ဓာတ်ဖြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်ဖြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၅၂၄၂၄၈၂၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၁၇ပြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃၆/အဆင့်မြင့်၊ မြေကွက်အမှတ်-၈၀၃၊မြေကွက်တည်နေရာအမှတ်-၈၀၃ပင်လုပ်လမ်း၃၆/အဆင့်မြင့်ရပ်ကွက်၊၁၇ပြို့သစ်(မြောက်ပိုင်း)မြို့နယ်ပြီးထွန်းရှိ(၁၂/ဟဘတ(နိုင်)၀၀၈၆၈၇)အမည်ပေါက်နှစ်(၆၀)မြေဌားစာချုပ်(၈နှစ်)မြေဌားမြေအမည်ပေါက်-ဦးထွန်းလှိုင်ကွယ်လွန်သဖြင့်အမွေဆက်ခံဝိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ်-၄၆၇၃/၂၀၁၃(၃-၁၂-၂၀၁၃)ဖြင့်ဒေါ်ခင်သန်းမြင့်(၁/ဟဘတ(နိုင်)၀၁၅၃၁၁)မှပိုင်ဆိုင်ခဲ့ပါသည်။အမွေဆက်ခံဝိုင်ဆိုင်စာချုပ်ဖြင့် ပိုင်ဆိုင်သူဒေါ်ခင်သန်းမြင့်သည်(၂၉-၄-၂၀၂၃)ရက်နေ့တွင်ကွယ်လွန်ခဲ့သဖြင့်သားသမီးများဖြစ်သော၁။နယ်နိမိတ်(၁/ဟဘတ(နိုင်)၀၁၀၉၂၂)၊၂။ဒေါ်နီလာရိန်(၇/မလန(နိုင်)၀၂၉၄၂၇)ဦးနိုင်ထွန်း(၁၂/ဟဘတ(နိုင်)၀၃၃၂၅၁)၊ ဒေါ်သိတာရိန်(၁/ဟဘတ(နိုင်)၀၀၅၁၀၉)တို့မှငှင်းတို့မောင်နှမ(၄)ဦးတည်းကိုသာမျဖွားထွန်းကားခဲ့ကြောင်း၊ငှင်းတို့မှလွဲ၍အခြားသောသားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျမရှိပါကြောင်း၊အမွေစားအမွေခံကိုတို့မသားသမီးများလည်းမွေးစားထားခဲ့ခြင်းလုံးဝမရှိပါကြောင်း၊ငှင်းတို့မောင်နှမ(၄)ဦးတည်းသာလျှင်တရားဝင်အမွေဆက်ခံခဲ့ပိုင်ဆိုင်ပါကြောင်းနှင့်ငှင်းတို့မှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျမရှိပါကြောင်းကွမ်းကျိန်လွှာထောက်ခံကွမ်းကျိန်လွှာ(၂)စောင်းသောစာရင်းအိမ်ထောင်စုလွှဲပြောင်းစာရင်း(၆၀)မြောင်းစာချုပ်(၈နှစ်)တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ရယူပိုင်ဆိုရန်မေပြုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဦးမမူး(ခုတိယညွှန်ကြားရေးမှူးချုပ်)
ပြို့ပြဖြစ်မံခန့်ခွဲမှုဥနန့်ရန်ကုန်ပြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပပြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၊မြေကွက်အမှတ်-၅၀၉၉/က၊(၁၂၀၀)ခ/ပေးမြေကွက်တည်နေရာအမှတ်(၅၀၉၉/က)၊ပုလဲဖြတ်လမ်း(၄၂)ရပ်ကွက်ပဲ့ခဲ့းနှစ်ဖေ(၁၂/ဥကမ(နိုင်)၀၅၁၇၈၇)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားမြေအမည်ပေါက်-ဦးစန်းဖေ(ဖစ်)သည်(၁၈-၇-၂၀၁၇)ရက်နေ့တွင်လည်းကောင်း၊ဒေါ်တင်တင်တို့မှ(၃-၃-၂၀၂၅)ရက်နေ့တွင်လည်းကောင်းအပြီးသော်ငြားလည်းဦးစန်းဖေ(ဖစ်)ထံမှ(၁၂/ဥကမ(နိုင်)၀၅၁၀၆၂)မှတရားဝင်အမွေဆက်ခံခွင့်ရှိသူတစ်ဦးတည်းသာသားတော်စဉ်ကြီးဖြစ်သည်မှာမှန်ကန်ကြောင်းကွမ်းကျိန်လွှာအမှတ်-၁၇၉၇/၂၀၂၅-၈-၂၀၂၅တောက် ခံကွမ်းကျိန်(၂)စောင်းသောစာရင်းအိမ်ထောင်စုစာရင်း၊မိုင်ဝဲသားစီစစ်ရေးကော်ဂရန်မူရင်းတို့တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရယူပိုင်ရန်မေပြုကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဦးမမူး(ခုတိယညွှန်ကြားရေးမှူးချုပ်)
ပြို့ပြဖြစ်မံခန့်ခွဲမှုဥနန့်ရန်ကုန်ပြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ခုတင်(၂၀၀)ဆုံ ပြည်သူ့ဆေးရုံကြီး-လှိုင်သာယာ အိတ်ဖွင့်တင်ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ခုတင်(၂၀၀)ဆုံ ပြည်သူ့ဆေးရုံကြီး-လှိုင်သာယာတို့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆေးရုံကြီးသို့ အရေးပေါ်လာရောက်ပြသသော လူနာများနှင့် ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးနှင့်ဆေးပစ္စည်း၊ Consumable များ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတ်မှန်ပစ္စည်းများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူပည့်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြု လိုင်စင်ရ ဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၁။ ဈေးနှုန်းတင်သွင်းလွှာပဲ့ခဲ့များ - (၈-၆-၂၀၂၆)(တနလ်ာနေ့)
စတင်ရောင်းချမည့်ရက်
၂။ တင်ဒါဖောင်ပိတ်မည့်ရက် - (၃၀-၆-၂၀၂၆)(အင်္ဂါနေ့)
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ဆေးဝါးများစာရင်း အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ခုတင်(၂၀၀)ဆုံ ပြည်သူ့ဆေးရုံကြီး-လှိုင်သာယာ၊ ဆေးရုံအုပ်ကြီးရုံးခန်းတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

ခုတင်(၂၀၀)ဆုံ ပြည်သူ့ဆေးရုံကြီး - လှိုင်သာယာ
ဆက်သွယ်ရမည့်ဖုန်းနံပါတ် - **09- 5017191 ၊ 09-448022079**

ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

ဒေါ်စုမြတ်မွန် [၁၂/ရကန(နိုင်)၀၆၅၂၀၇] အမည်ပေါက် ပိုင်ဆိုင်သည့် စက်မဲ့ကုန်တင်တွဲ သံ-၈၁၆/ CBR-0237 (၂၀၀၄-၇၂) ရေယာဉ်အား ဦးတိုင်းကျော် [၁၄/မအပ(နိုင်)၁၈၂၈၇၆] ထံမှ ဒေါ်လှမြင့် [၁၄/ကခန (နိုင်)၀၆၁၄၂၈] သည် ၉-၃-၂၀၂၅ ရက်စွဲဖြင့် ဝယ်ယူပြီးကြောင်း အထောက်အထားများတင်ပြပြီး ရေယာဉ်ပိုင်ရှင်အမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ညွှန်ကြားရေးမှူးုးချုပ်၊ ရေကြောင်းပိုင်ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သိမိဖြူလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ပိုလိပ်ဌာနခွဲ ရက်ပေါင်း (၃၀) အတွင်း မည်သူမဆို ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည်သူ မရှိပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန်ကြေညာခြင်း

အများသိစေရန်ကြေညာချက်

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အေးသုဓာတက်မှုခရိ၊ ခုတင်းလမ်း၊ အမှတ်(Q-5,ft-1)တွင် (၂)ထပ် Steel(အထည်ချုပ်စက်ရံ) အဆောက်အဦ (၂)လုံး ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအရေးဦး ဖြို့ပြန်ရင်းရောဖျဲ့ပြီးရေးဦးစီးဌာန၏ (၃)နှစ်တာမှလက်မှုလုပ်ငန်းအတွက် မြေအသုံးပြုခွင့်လက်မှတ်အပြည်ပေါက် စောဆရောင်း(၁)ဆေ၊နှင်းရှိ (၁၄/ပဃန(နည်)၀၀၁၁၄၀)မှ တင်ပြလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ပုဒ္ဓတိုက်ပြထားသော မြေပိုင်ဆိုင်မှု (၃)နှစ်သက်တမ်း ပါမစ်မြေအမြို့ပေးစား အဆောက်အထားပါ စက်မှလက်မှုလုပ်ငန်းအတွက် မြေအသုံးပြုခွင့်လက်မှတ်မှာ သက်တမ်းကုန်လွန်နေသဖြင့် အဆောက်အဦဆောက်လုပ်ခွင့် တင်ပြလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက် ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထား ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စီစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အဦ)
ရန်ကုန်ဖြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်ဖြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၇)ရပ်ကွက်၊ ၀လမ်း၊ အမှတ် (၅၂)၊ (၄၀၀ x ၆၀၀) ဧရိယာအကျယ်မြေကွက်သည် ရန်ကုန်ဖြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြဖြစ်စမခန့်ခွဲမှုဥနန့် မြေချပ်မစံတို့တွင် ဦးအောင်ငြိမ်း [၁၂/အရန(နိုင်)၀၂၈၅၂၀] အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်၏ တရားဝင

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ အမှတ် (၄၄၃)၊ ဆူဇာမိမ်းရာ၊ ကြည်လင်း၊ (၄၅)ရပ်ကွက် ဦးလှသိန်း အမျိုးသားမှတ်ပုံတင်အမှတ် (၁၂/သကတ (နိုင်) ၀၄၇၇၉၇) အမည်ပေါက် မြေချေကန်နှင့် စာရွက်စာတမ်းများအား ၎င်း၏ သားဖြစ်သူ ဦးနေလင်း၊ ၁၂/ဒဂမ (နိုင်) ၀၀၉၇၁၁၆ ၎င်းအားထုတ်ယူခွင့်ပြုပါရန် တင်ပြလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဘဏ်ခွဲသို့ လုပ်ယိမ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

မန်နေဂျာ
မြန်မာ့ဗီးဗွားရေးဘဏ်
ကမာရွတ်ဘဏ်ခွဲ၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ် (၆၁)ရပ်ကွက်၊ ဧရာဝမ်းသာအိမ်ရာ၊ တိုက် (၉A)၊ အခန်း (10–198)၏ အမည်ပေါက် ခေါင်း ငင်းထိုက် ၁၂/ဒဂရ(နိုင်)၀၀၂၃၀၃+ ဦးအောင်အောင် ၇/ပန(နိုင်)၁၁၉၆၅၆ တို့ထံမှ ခေါ်ဂေဖူးသော်နှင့် ၁၂/လမတ(နိုင်)၀၃၆၂၆၈ တာ ဒချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းဂိုင်ငွေခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှု အပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက် အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊
နေပြည်တော်၊ ၀၆ရ-၃၄၀၇၅၃

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ဃံးကျွန်းမြို့နယ်၊ မြေတိုင်းရုံးကွက်အမှတ်-ကြီးပွားရေး/မြောက် (ပင်လုံရပ်မွန်အိမ်ရာ)၊ မြေကွက်အမှတ် (၃၉၈)၊ ဧရိယာ (၀.၁၀၉)ကော်၌ နှစ် (၆၀)ကရန်မြေအမျိုးအစား မြေကွက်အပါအဝင် ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ရန်ကုန်မြို့ကော်ပိုရေးရှင်းအောက်ရှိ ဗဟန်းမြို့နယ်၊ ဗဟန်းမြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဝေ၏ ဦးစီးအုပ်ချုပ်မှုအောက်ရှိ ဗဟန်းမြို့နယ်ရုံးမှ ထုတ်ပေးသည့် ခွင့်ပြုချက်ကို ရရှိပြီးဖြစ်ပါသည်။ ထို့ကြောင့် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက စာရွက်စာတမ်း အထောက်အထားဖိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ စ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ခေါ်သိဂီဖြင့်

လွှဲအပ်ညွှန်ကြားချက်အရ
ခေါ်ဝင်ဟမင်း (LL.B),(D.B.L), (D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၆၅)
အမှတ် (၁၁၇)၊ ၄-ဒွာရာ အောင်မင်္ဂလာပတိလမ်း၊
ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊
ဗုန်း - ၀၉-၄၂၀၃၁၀၃၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရုံးကွက် အမှတ်(၁၃၀၊ ရတနာဓနဥဿဲလမ်း၊ အမှတ်(၂၃၉၆)၊ ဦးမြင့်သန်း အမည်ပေါက် ပါမစ် မူရင်း၏ မြေအကျယ် ၀၊(၄၀၊၆၀)ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို ခေါ်ဝါသိတာကြိုင် (၉/ပဥလ(နိုင်) ၀၁၃၁၉၁၆ ဝယ်ယူပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အမျိုးအရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံသဘောဖြင့် ခေါ်ဝါးမျိုးထွေး (၇/လပတ(နိုင်) ၀၉၈၂၃၁၆ စရန်ငွေတစ်စိတ် တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက် အတွင်း စာချုပ်စာတမ်းများရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ခေါ်ဖျိုးဖျိုးထွေး၏ ညွှန်ကြားချက်အရ-
ခေါ်ဝါဝါရွှေ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၁၀) (၁၇-၇-၂၀၁၈)
(ဃ/၁၆)၊ ဝဝပ္ပွယ်(၂)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊
၀၉-ဂ၈၁၂၀၈၁၅

"အများသိစေရန် အသိပေးကြေညာခြင်း"

"ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်ခရိုင်၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရုံးကွက် အမှတ် (၃၆၈၏ဝ်၆)၊ လူနေရပ်ကွက်အမှတ်(-)၊ မြေကွက်အမှတ် (၁၀၀၆/ဒ-ဘ)၊ မြေအမျိုးအစား- ဂရန်နှို့ မြေပိုင်မြေ၊ မြေဧရိယာ (၀.၀၆၆)ကော်၌ ဦးသန်းဆွေ၊ ဒေါ်ဖြူဖြူအေးဝင်းတို့ နှစ်ဦးဦးအမည်ပေါ်၊ မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး (တစ်နည်းအားဖြင့်ဆိုသော်) ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ် ခရိုင်၊ ဗဟန်းမြို့နယ်၊ ရေတောင်ကြား (၁)ရပ်ကွက်၊ သံလွင်လမ်း၊ ခြံအမှတ်(၈၀/ စ-၁)ဟု ခေါ်တွဲသည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး" ကို လွတ်လပ်စွာသွေဖည်ကင်းရောင်းချိုင်ခွင့်ရှိသည်ဟုအဆိုပြုသူ ဦးသန်းဆွေ [၁၂/ စခန(နိုင်)၀၁၄၃၃၄၆] ခေါ်ဖြူဖြူအောင်တို့ မှ ဝယ်ယူထားပြီးဖြစ်ရာ ဤနိုင်ငံတော်၏ ဥပဒေများနှင့် အရောင်းအဝယ်ပြုလုပ်ခြင်းဆိုင်ရာ စရန်ငွေပေးကတိစာချုပ်ကို လွတ်လပ်စွာ ဖြစ်ပေါ်စေလိုသော အကြောင်းကြောင့် ဆက်သွယ်ကန့်ကွက်ခြင်းမရှိသည့်အတွက် ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ခေါ်ဝင်းဦးလွင်
ရှေ့နေ (LL.B)
ရှေ့နေ၊ ရန်ကုန်တိုင်းဒေသကြီးတရားရုံး
ဗဟန်းမြို့နယ်ရုံး
၀၉-၇၈၁၂၀၀၈၁၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ် (၆၁)ရပ်ကွက်၊ ကနေဂင်အိမ်ရာ အိပ်ခန်း (၂)၊ တိုက်(၃၃)၊ အခန်း(၄၁၀)၏ အမည်ပေါက် ခေါ်ဖြူဖြူ [၁၂/စခန(နိုင်)၀၀၇၁၀၈၆] ထံမှ ဦးအောင်ခိုင်ကျော် [၁၂/လမန(နိုင်)၁၃၇၂၄၄ က စာချုပ်စာတမ်းဖြင့်ဝယ်ယူထားပြီး တိုက်ခန်းဂိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊
နေပြည်တော်၊ ၀၆ရ-၃၄၀၇၅၃

အများသိစေရန်အသိပေးကြော်ငြာ

